


# အရှင်ကောဏ္ဍည သစ္စာသိသွားပြီ

(၂၈၆)

ဟောကြားသည့်နေ့
၉–၇–၆၂

ကျေးဇူးတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၂) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

0247

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

## မိုးကုတ်ဆရာတော်ဘုရားကြီး

ရန်ကုန်မြို့၌ ဟောကြားတော်မူခဲ့သောတရားတော်

# အရှင်ကောဏ္ဍည သစ္စာသိသွားပြီ

THITSARPARAMI LIBRARY
Date ..........................

ဟောကြားသည့်နေ့

(၉-၇-၆၂) နံနက်

စာမူခွင့်ပြုချက်အမှတ် – ၁၂၆/ ၂၀၀၂ (၃)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၄၅/ ၂၀၀၃ (၁)

ထုတ်ဝေသူ
ဦးအောင်ချို၊ (မြ–၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ်–၈၂၊ နတ်မောက်လမ်း၊
ရန်ကုန်မြို့။
ဖုန်း–၅၄၁၈၆၀

ပုံနှိပ်သူ
ဦးဝင်းအောင် (မြ–၀၅၁၃၁)
သန်းထိုက်ရတနာ ပုံနှိပ်တိုက်၊
အမှတ် ၈၄၊ လမ်း (၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၉၈၆၇၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
**မိုးကုတ်ဆရာတော်ဘုရားကြီး**
ရန်ကုန်မြို့၌ ဟောကြားတော်မူသောတရားတော်

# အရှင်ကောဏ္ဍည သစ္စာသိသွားပြီ

ဟောကြားသည့်နေ့ (၉-၇-၆၂) နံနက်

အားလုံး ဒကာ ဒကာမတွေ ကြားဖူးကြပါလိမ့်မယ်နော်၊ 'အညာသိ ကောဏ္ဍညော' ဆိုတဲ့ ပါဠိဟာ ကိုယ်တိုင်ရင်လည်း ရတဲ့ ပုဂ္ဂိုလ်လည်း အသင့်အတင့်ပါလိမ့်မယ်၊ သူများရွတ်သံကြားဖူးတာလည်း ပါလိမ့်မယ်။

## အရှင်ကောဏ္ဍညသည် သိသွားပြီ

ကောဏ္ဍညော၊ ကောဏ္ဍညသည်။ အညာသိ၊ သိသွားပြီ။ ...ကောဏ္ဍညသည် သိသွားပြီ၊ ကောဏ္ဍည သိသွားပြီဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ ဘာသိသွားတာတုံးလို့ မေးဖို့မလိုဘူးလား ... (လိုပါတယ်ဘုရား၊ လိုပါတယ်) လိုတယ်။

'ကောဏ္ဍညော၊ ကောဏ္ဍညသည်။ အညာသိ၊ သိသွားပြီ' ဆိုတဲ့ ဥစ္စာဟာ လူ့ပြည်မှာလည်း ကျော်ကြားတယ်၊ နတ်ပြည်မှာလည်း ကျော်ကြားတယ်၊ ဗြဟ္မာပြည်လည်း ကျော်ကြားတယ် အကုန်ပဲ၊ 'ကောဏ္ဍည သိသွားပြီ၊ ကောဏ္ဍည သိသွားပြီ' ဆိုတဲ့ ဥစ္စာ အားလုံးပဲ ကျော်ကြားတယ်...(မှန်ပါ့)။

သိသွားတယ်ဆိုတာသည် ဘာပါလိမ့်မလဲလို့ မေးတော့မှ ဒကာ ဒကာမတို့ သစ္စာသိသွားတယ်၊ ဒကာ ဒကာမတွေ ဘာများသိသွားသလဲ...(သစ္စာသိသွားပါတယ်ဘုရား)။

## သောတာပန် ဖြစ်သွားပြီ

သစ္စာသိသွားတယ်လို့ မှတ်လိုက်စမ်းပါ၊ ကောင်းပြီ... ဒါဖြင့် သစ္စာသိသွားတော့ကို ဘာဖြစ်ပါလိမ့်မလဲလို့ အမေးထုတ်ဖို့လိုလာတယ်၊ သောတာပန်ဖြစ်သွားပြီလို့ ဟောတာ၊ ဘာဖြစ်သွားပါလိမ့်...(သောတာပန်ဖြစ်သွားပြီလို့ ပြောတာပါ) သောတာပန်ဖြစ်သွားပြီလို့ပြောတော့ ကောဏ္ဍညမှာ အဲဒီအချိန်မှာ စဉ်းစားဖို့ အရေးကြီးပါတယ်။

သူ့လက်ထဲမှာလည်း ဘာမှပါမလာဘူး၊ ဒါနလည်း မပါဘူး၊ သီလကလည်း မပါဘူး၊ သီလက ခေါင်းပါးအောင် ကျင့်တဲ့

အကျင့်ကိုယူ သူကျင့်နေတဲ့အတွက် ပဋ္ဌာတပ ခပ်ဆန်ဆန်ပဲ ဖြစ်ပြီးသကာလ နေတယ်ဆိုတာ မှတ်ရလိမ့်မယ်။

## သီလက မပေါ်သေးဘူး

အဲဒါကြောင့် ဒကာ ဒကာမတွေ သူသိသွားတဲ့အချိန်မှာ သောတာပန် တည်တယ်ဆိုတဲ့ဥစ္စာက ဒီနေရာမှာ ဒါနကလည်း သူမပါ–ပါဘူး၊ တရားနာနေတာ သီလကလည်း မပေါ်သေးပါဘူး တဲ့၊ သီလဆောက်တည်ဖို့လို့ မပေါ်သေးပါဘူး။

သစ္စာသိတာနဲ့ပဲ...ကဲ၊ သိတဲ့အထဲမှာ သီလဝင်ပြီးသကာလ သောတာပန် တည်သွားတာပဲ...ရှင်းကြပလား ...(မှန်ပါ့ဘုရား) ကောင်းပြီ။

ဒါဖြင့် ဒီ ဒကာ ဒကာမတွေလည်း ယနေ့သိအောင်ပဲ ပြောပေးပါ့မယ်...သိရင် ကိစ္စပြီးတယ်ဆိုတဲ့ဥစ္စာ နောက်တော့ ရှင်းလာပါလိမ့်မယ်...နော်၊ ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ 'ဘာသိရမှာတုံးဘုရား' ဆိုပြီး ဒကာ ဒကာမတွေက မေးတဲ့အခါ ကျတော့ မနေ့ညကလည်း ပြောထားလို့ ဒကာ ဒကာမတွေ ရိပ်မိ

## သစ္စာလေးပါး တစ်ပြိုင်နက် သိသွားတယ်

ဘာသိသွားတာပါလိမ့်...(ဒုက္ခသစ္စာ သိသွားတာပါဘုရား)။ ဒုက္ခသစ္စာပဲ သိသွားတယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ၊ ဒုက္ခသစ္စာ သိသွားတော့ ဒုက္ခသစ္စာက ဒုက္ခသစ္စာ သိတာက မဂ္ဂသစ္စာ၊ သေတာက သမုဒယသစ္စာ၊ နောက်ခန္ဓာ မလာတာက နိရောဓသစ္စာဆိုတာ တစ်ပြိုင်နက်တည်း သိသွားတာ၊ သစ္စာလေးပါး တစ်ပြိုင်နက် သိသွားတယ်၊ ရိပ်မိကြပလား ...(မှန်ပါ့)။

ကောဏ္ဍည သိသွားတယ်ဆိုတာ သစ္စာလေးပါး ဘယ်လိုပါလိမ့်...(တစ်ပြိုင်နက် သိသွာပါတယ်ဘုရား) တစ်ပြိုင်နက် သိသွားတာလို့ ဆုံးဖြတ်ချက်ချပါ...။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ တစ်ပြိုင်နက်တည်းသိလို့ ခန္ဓာထဲမှာ ကိုယ့်ဖြစ်စဉ်ကို ကိုယ် တစ်ပြိုင်တည်း သိသွားရင် ကိစ္စပြီးမယ်လို့ ဆုံးဖြတ်ချက်ချပါ...ကိုယ့်ခန္ဓာထဲမှာ သစ္စာလေးပါး တစ်ပြိုင်နက်ဖြစ်တာသိရင် ကိစ္စပြီးမယ်လို့ မှတ်ကြပါ၊ ဦးမြ...(မှန်ပါ့)။

## ပွားသိ သိရမယ်

သစ္စာမသိဘဲနဲ့ နိဗ္ဗာန်ဝင်တဲ့ပုဂ္ဂိုလ် ရှိရဲ့လား ...(မရှိပါ ဘုရား) မရှိတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ သိမှုဟာ အရေးကြီးပါတယ်...သိပြီးတော့ သိရုံလေးနဲ့ ပြီးရောလားလို့ မေးတဲ့အခါကျတော့ ပွားသိ–သိမှလို့ မှတ်လိုက်ပါဦး ...(မှန်ပါ ဘုရား)။

ဘယ်လိုသိမှပါလိမ့်...(ပွားသိ–သိမှ) ပွားသိ–သိရလိမ့် မယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ။

ပွားသိ–သိသွားလို့ရှိရင်ဖြင့် ခင်ဗျားတို့၏ အပါယ် လေးပါး သူများပါးစပ်ထဲမှာ ခန္ဓာကိုယ် ထိုးအပ်ရမည့် သေပွဲ တွေ၊ အပါယ်ငရဲမှာ မချိမဆံ့ ခံရမည့် နာပွဲကြီးတွေ၊ နောက်က ပြုခဲ့တဲ့ အမိုက်အမဲ အကုသိုလ်ကံတွေ၊ ယခုဘဝ မသိမလိမ္မာလို့ မိုက်ထားတဲ့ အပါယ်သွားမည့်ကံတွေဟာ အဲဒီပွားပြီးသိတဲ့ တစ်လုံးက အကုန်ပယ်ချလိုက်ပါတယ်၊ သိပ်အဖိုးတန်ပါတယ်...။

အဲဒီတော့ ဒကာ ဒကာမတွေ ဘုန်းကြီးတို့က ပြောလို တာက အကုသိုလ်ကြွေးတွေဟာ လူတိုင်းမှာ အများကြီးရှိတယ်၊ (ဝါ) အနန္တရှိတယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ...။

ကြွေးရှိနေတဲ့ ပုဂ္ဂိုလ်သည် ကြွေးမဆပ်လို့ရှိရင် အတိုးသာ တက်စရာရှိတယ်...ကြွေးရှိတဲ့ ပုဂ္ဂိုလ်ဟာ ကြွေးကို မဆပ်လို့ရှိရင် အတိုးသာ တက်စရာရှိတယ် ဦးညွန့်တို့၊ ဦးမြတို့...(မှန်ပါ့) ဘယ်နည်းနဲ့ ခင်ဗျားတို့ ကျေအေးတဲ့သဘော ဖြစ်နိုင်ပါ့မလဲ။

## ဆားတစ်လျက်နှင့် ကျေတယ်

အခု ဘုန်းကြီးဟောမည့်တရားက ကိုထွန်းအောင်ကြီး မှတ်ပါ...(မှန်ပါ့) ဆားတစ်လျက်နဲ့ အကုန်ကျေပါလိမ့်မယ်၊ ပွားပြီး သိတဲ့ တစ်လုံးနဲ့ အံကုန်ပျောက်ပါလိမ့်မယ်၊ ပျက်ပါလိမ့်မယ်ဆိုတော့ ဩော်...တို့ကြွေးလည်းရှိတယ်၊ ဆားတစ်လျက်ဆိုတဲ့ မဂ်ကလေး ပေါ်လိုက်ရင် ကိစ္စပြီးတယ်လို့ ဒီလိုဆုံးဖြတ်ချက်ချထားတော့ ဩော်...ဒီဆားတစ်လျက်ဖြင့် လျက်မှ တော်မယ်ဆိုတဲ့ စိတ်ကို ယနေ့ သန်သန်ထွားထွား မွေးပါလို့ သတိပေးလိုက်ပါတယ်...။

ဆားတစ်လျက်ကို ဆားတစ်လျက်ကို သိန်းပေါင်းများစွာ တင်နေတာ သူကလာပြီး ဆားတစ်လျက်နဲ့ ကျေပါတယ်ဆိုရင်...ကျုပ် ကျေပါ့မယ်ဆိုရင် ခင်ဗျားတို့ ဒီဆားကလေးသွားပြီး သကာလ ကိုယ်ကိုယ်တိုင် လျက်ပြီးသကာလဖြစ်စေ၊ ကြွေးရှင်

က ဒါလျက်လို့ ကျေအေးသည်ဖြစ်စေ ခင်ဗျားတို့ လုပ်ထိုက်တယ် ဆိုတဲ့ အဓိပ္ပာယ်မှတ်ပါ...။

မမှတ်ထိုက်ဘူးလား ...(မှတ်ထိုက်ပါတယ်ဘုရား) အဲဒါကြောင့် ဆားတစ်လျက်နဲ့ပဲ ကျေတဲ့ဆေးကို ဒကာ ဒကာမတွေကို ပေးပါ့မယ်...။

ခင်ဗျားတို့က ဆားလျက်တာ မပျင်းပါနဲ့ဆိုတာ သတိပေးပါတယ်...မပေးသင့်ဘူးလား ...(ပေးသင့်ပါတယ်ဘုရား)။

## မိုက်ထားတာတွေ

ခင်ဗျားတို့ မိုက်ထားတာတွေကိုတော့ဖြင့် ဂဏန်းရေတွက်ပြမယ်ဆိုလို့ရှိရင်ဖြင့် မျက်လုံးဖွင့်လိုက်လည်း တဏှာ၊ ဥပါဒါန်၊ ကံဆိုတာ မလာဘူးလား ...(လာပါတယ်ဘုရား)။

နားထောင်လိုက်လည်း တဏှာ၊ ဥပါဒန်၊ ကံ လာတာပဲ။
စားလိုက်ပြန်လည်း တဏှာ၊ ဥပါဒါန်၊ ကံ လာတာပဲ။

ကိုယ်ပေါ်ယားယံလို့ ဖျောက်လိုက်ပြန်လည်း ဒေါသ၊ သောက လာပြန်တာပဲ...။

စိတ်ထဲမှာ တစ်ခါတည်း နေ့လယ်က လုပ်ထားတာတွေ ညစားမြုံ့ပြန်ပြီး ကြံလုံးတွေထုတ်နေပြန်လည်း တဏှာ၊ ဥပါဒါန်၊ ကံမြောက်တာပဲ...ပြေစရာအကြောင်း မြင်ရဲ့လား ...(မမြင်ပါဘုရား)။

အဲဒါ မဂ်တည်းဟူသော ဆားတစ်လျက်နဲ့ ဆရာဘုန်းကြီးက ကယ်နိုင်တဲ့အခါ သိလည်းသိနေတဲ့အခါမို့ ခင်ဗျားတို့ ဘာမျှမပူနဲ့၊ ဒီမဇ္ဈပေါက်အောင် အလုပ်ကိုလည်း ဘုန်းကြီး နည်းပေးမယ်။

## ကြွေးဟောင်းတွေ ကြွေးသစ်တွေ

ခင်ဗျားတို့ ကြွေးတွေလည်း ကြွေးဟောင်းရော၊ ကြွေးသစ်ရော အကုန်ပြေပါလိမ့်မယ် ဆိုလို့ရှိရင်ဖြင့် သခင်ဝတင်တို့ လုပ်ထိုက်တယ်...(လုပ်ထိုက်ပါတယ်) နောက်က ဒကာ ဒကာမတွေ ဘယ်လိုပါလိမ့်...(လုပ်ထိုက်ပါတယ်ဘုရား) လုပ်ထိုက်တယ်ဆိုတာ ကျေနပ်ပလား ...(မှန်ပါ၊ ကျေနပ်ပါတယ်) ကောင်းပြီ။

ဒါဖြင့် ဒကာ ဒကာမတို့ လုပ်ထိုက်တဲ့အလုပ်ကိုဖြင့် ဦးမြလုပ်မှ ကောင်းမယ်၊ ကြွေးရှိသလား၊ မရှိဘူးလား ဒကာ ဒကာမတွေမှာ...(ရှိပါတယ်ဘုရား)။

အကုသိုလ်ကြွေးတွေပေါ့ဗျာ...ကိုင်း ...မဂ်တည်းဟူသော ဆားတစ်လျက်နဲ့ ပြေမယ်ဆိုလို့ရှိရင်ဖြင့် ပြုံးပြီးဆပ်ဖို့ကောင်းတယ်...။

တစ်သံသရာလုံးက တင်လာတဲ့ကြွေးလည်း ပြတ်ပါလိမ့်မယ်၊ ယခု ဘဝမသိလို့ မိုက်မဲထားတဲ့ကြွေးတွေကော...(ပြတ်ပါတယ်ဘုရား) ပြတ်ပါလိမ့်မယ်ဆိုတော့ သြော်...တို့အရေးကို ကယ်တင်မည့်ဆရာသမားဟာ ရှိသေးတယ်ဆိုတာ မှတ်လိုက်စမ်းပါ။

## ကယ်တင်မည့်ဆရာ ရှိသေးတယ်

တို့အရေး ကယ်တင်မည့် ဆရာသမား ရှိသေးတယ်ဆိုတာ သေသေချာချာမှတ်ပါ၊ အဲဒီတော့ကို ခင်ဗျားတို့ အပေါင်းအသင်းကလေး မလွဲပါစေနဲ့ဆိုတာလေးတော့ သတိပေးရတယ်၊ ဘာ သတိပေးမှာပါလိမ့်...(အပေါင်းအသင်း မလွဲပါစေနဲ့) တဏှာမပေါင်းပါနဲ့၊ သဒ္ဓါ၊ ပညာနဲ့သာ ပေါင်းပါလို့ ...။

တဏှာကိုဖြင့် ...(မပေါင်းပါနဲ့)။
သဒ္ဓါ၊ ပညာဖြင့် ...(ပေါင်းပါ)။

ပေါင်းပါဆိုတော့ကို ဒါ...ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တဏှာပေါင်းရင် သံသရာရှည်မယ်၊ သဒ္ဓါ၊ ပညာပေါင်းလို့ရှိရင် သံသရာပြတ်မယ်၊ ရိပ်မိကြပလား ...။

## တဏှာပေါင်းရင် သံသရာရှည်မယ်

တဏှာပေါင်းရင် ...(သံသရာရှည်မယ်) တဏှာပေါင်းရင် သံသရာရှည်မယ်ဆိုတော့ ဒကာ ဒကာမတွေ မြင်တဲ့အတိုင်းပါပဲတဲ့ စက်ဝိုင်းက သေးနေတယ်၊ နေ့လယ်မှ ရမယ်ထင်တယ်... (နေ့လယ်မှ ရပါမယ်ဘုရား) နေ့လယ်မှရရင်လည်း ပြီးတာပဲ... နောက်လာမှာကတော့ ၄ ပေ အဝိုင်းကြီးဆိုတော့ အဝေးကပါမြင်ရပါလိမ့်မယ်...(မှန်ပါ့ဘုရား) ဒကာ ဒကာမတွေ...အဝေးကတော့ မှန်းကြည့်ပေါ့လေ၊ စာနဲ့မှန်းကြည့်ပေါ့...စာရွက်နဲ့။

တဏှာကို ပေါင်းမိတဲ့အတွက် ဒီဘက်လှည့်ပတ်သွားတယ်၊ သံသရာရှည်...မရှည်...(ရှည်ပါတယ်ဘုရား) တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ၊ အဝိဇ္ဇာ၊ သင်္ခါရ မရှည်ပေဘူးလား ...(ရှည်ပါတယ်ဘုရား) ဒါဘယ့်နှယ် ဘာပေါင်းမိလို့ပါလိမ့်...(တဏှာပေါင်းမိလို့ပါဘုရား)။

## သဒ္ဓါ ပညာ ပေါင်းလိုက်ပါ

ဒီနေရာမှာ သဒ္ဓါ၊ ပညာ ပေါင်းလိုက်လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ဒီဘက်သွားသေးရဲ့လား ...(မသွားပါဘုရား)။

ဒါဖြင့် အပေါင်းအသင်း မလွဲလို့ရှိရင် ၃–နံပါတ်နဲ့ ၄–နံပါတ် မလာတော့ပါဘူး ...(မလာပါဘုရား) အပေါင်းအသင်း လွဲလို့ရှိရင် သူ့ကိုပေါင်းမိလို့ရှိရင် တဏှာပေါင်းမိလို့ရှိရင် ဥပါဒါန် က အဖော်လိုက်လာလိမ့်မယ်...။

ဥပါဒါန် အဖော်လိုက်လာလို့ရှိရင် ခင်ဗျားတို့ ကာယကံ၊ ဝစီကံ အကုသိုလ်တွေက မလာပေဘူးလား ...(လာမှာပါဘုရား) လာခဲ့သည်ရှိသော် စုတိမနေ သေလွန်သည်၏ အခြားမဲ့၌ ဒီဆက် ပြီးသကာလ ဇာတိ၊ ဇရာ၊ မရဏဆိုတာ မလာပေဘူးလား၊ လာ မလား ...(လာပါတယ်)။

လာလိမ့်မယ်ဆိုတာ သေချာကြပလား ...(သေချာပါ တယ်ဘုရား)။

## အပေါင်းအသင်း မလွဲစေနဲ့ဆိုတာ

ဒါဖြင့် ဒကာ ဒကာမတို့ 'အပေါင်းအသင်း မလွဲစေနဲ့' ဆိုတာက မူးတဲ့လူ၊ ရူးတဲ့လူ၊ ဘိန်းရှူတဲ့လူ၊ အရက်သောက်တဲ့ လူ၊ ဒါကို ဆိုတာမဟုတ်ပါဘူး ...။

သဒ္ဓါ ပညာပေါင်းပြီးသကာလ တဏှာနဲ့ မပေါင်းနဲ့ ပြောတာ...။

မွေးလာတာက တပည့်တော်တို့ တဏှာအဖော်လုပ်ပြီး မွေးပါတယ်ဘုရား၊ အရှင်ဘုရားက မပေါင်းနဲ့ဆိုတော့ မခက်ဘူး လားဆိုတာလည်း ဆင်ခြေလဲမယ်ဆိုရင် လဲနိုင်တယ်...မလဲနိုင် ဘူးလား ...(လဲနိုင်ပါတယ်ဘုရား)။

လဲနိုင်တော့ကိုတဲ့၊ ပေါင်းသင်းနည်းကို ခင်ဗျားတို့ကို ဘုန်းကြီးက သင်ပေးလိုက်လို့ရှိရင်ဖြင့် ငယ်ပေါင်းပင် ဖြစ်လင့် ကစား ငယ်ပေါင်းထက် ကောင်းတဲ့မိတ်ဆွေ တွေ့တဲ့အခါ သူ့ကို လွှတ်ပစ်လိုက်ရင်ပြီးတာပဲ...မပြီးဘူးလား ...(ပြီးပါတယ်ဘုရား)။

အဲဒါကြောင့် ဒီဘက်က ဒကာ ဒကာမတို့ ဟိုဘက်က ဒကာ ဒကာမကြီးတို့ ကြပ်ကြပ်သတိထားပါ၊ အပေါင်းအသင်း လွဲတာသည် သံသရာရှည်တယ်၊ မရှည်ဘူးလား ...(ရှည်ပါတယ် ဘုရား)။

## သဒ္ဓါ ပညာနဲ့ ခန္ဓာနဲ့ ပေါင်းပါ

အပေါင်းအသင်း မှန်လို့ရှိရင် သံသရာ မပြတ်ဘူးလား ...(ပြတ်ပါတယ်ဘုရား) သဒ္ဓါ ပညာကလေး ဒီကနေ ထားပြီး သကာလ ပေါင်းကြမယ်ဆိုလို့ရှိရင် သဒ္ဓါ၊ ပညာနဲ့ ခန္ဓာနဲ့ပေါင်း။

တဏှာနဲ့ ခန္ဓာနဲ့ မပေါင်းပါနဲ့...ရှင်းပလား ...(ရှင်းပါပြီ) တဏှာနဲ့ ခန္ဓာနဲ့တော့ ...(မပေါင်းရပါဘုရား) သဒ္ဓါ ပညာနဲ့ ခန္ဓာနဲ့တော့...(ပေါင်းရပါတယ်ဘုရား)။

ပေါင်းလိုက်လို့ရှိရင်ဖြင့်တဲ့၊ ဒီဘက် သံသရာကြီးဟာ လုံးလုံးပြတ်သွားပါမယ်...(မှန်ပါ) သဒ္ဓါ ပညာနဲ့သာ ပေါင်းပါ။

ကောင်းပြီ...ဒါဖြင့် ဒကာ ဒကာမတို့ သဒ္ဓါ ပညာနဲ့သာ ပေါင်းလို့ ခန္ဓာကို ယောက်ျား, မိန်းမရယ်လို့ မသိဘဲနဲ့ အနိစ္စရယ်လို့သိပါတယ်၊ သဒ္ဓါ ပညာနဲ့ ပေါင်းလိုက်တဲ့အခါကျတော့ ခန္ဓာကို ဘယ်လိုသိပါလိမ့်...(အနိစ္စရယ်လို့ သိပါတယ်) ဖြစ်ပြီးပျက်တဲ့ အနိစ္စရယ်လို့ သိပါတယ်...။

တဏှာနဲ့ပေါင်းလိုက်တဲ့အခါကျတော့ ငါ-လူပုံအလယ်မှာ လူတစ်လုံး လုပ်နေတာပဲဆိုပြီး တဏှာတွေ မာနတွေ အကုန် ဘပစ်လိုက်တယ်၊ ပပဉ္စ မလာဘူးလား ...(လာပါတယ်ဘုရား)။

ပပဥ္စလာတော့ သံသရာ ဘယ့်နှယ်နေပါ့မလဲ...(ရှည်ပါတယ်ဘုရား) ရှည်သွားတယ်ဆိုတော့ ဒကာ ဒကာမတွေ ငြင်းဆန်ဖို့ လိုသေးသလား ...(မလိုပါဘုရား)။

အဲဒါကြောင့် အပေါင်းအသင်းလွဲမှာတစ်ခုကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ်မှာ 'တဏှာ ဒုတိယော ပုရိသော' ဆိုပြီး တဏှာနဲ့တော့ မပေါင်းပါနဲ့ကွာ၊ 'တဏှာဒုတိယော ပုရိသော' ဆိုတဲ့ဥစ္စာ တဏှာတည်းဟူသော အဖော်နဲ့ မင်းနဲ့ သံသရာမှာနေခဲ့လို့ အဝိုင်းပြေး ပြေးနေရတယ်၊ ရိပ်မိပလား ...(ရိပ်မိပါပြီ)။

## တဏှာပေါင်းရင် အဝိုင်းပြေး ပြေးရတယ်

တဏှာတည်းဟူသော အဖော်နဲ့ပေါင်းတော့ ဒီဘက်လှည့်ပြီး တစ်ခါတည်း အကုန်ဝိုင်းတော့တာပဲ၊ တဏှာပေါင်းလိုက်တာ အဝိုင်းပြေး ပြေးရတယ်၊ ရှင်းကြပလား ...(ရှင်းပါပြီ) တဏှာပေါင်းလိုက်တာကတော့...(အဝိုင်းပြေး ပြေးရပါတယ်) အဝိုင်းပြေး ပြေးရတယ်ဆိုတာ သဘောပါကြပလား ...(မှန်ပါ့)။

ကဲ...သဒ္ဓါပညာ ပေါင်းလိုက်တဲ့အခါကျတော့ တဏှာနဲ့ ကျုပ်တို့က မိတ်ဖြတ်ပစ်လိုက်တဲ့အခါကျတော့ သံသရာ ဒီဘက်ထွက်သွားပြီးသကာလ နိဗ္ဗာန်ဘက် ရောက်သွားတယ်...။

ဒါဖြင့် အပေါင်းအသင်းဟာလည်း သိပ်အရေးကြီးတာပဲ ...(မှန်ပါ့) မကြီးဘူးလား ...(ကြီးပါတယ်ဘုရား) နောက်က ဒကာ ဒကာမတွေ ကြားရရဲ့လား ...(ကြားရပါတယ်ဘုရား)။

အေး ...ကြားရလို့ရှိရင်လည်း အဖိုးတန်ပြီ၊ မကြားရလို့ရှိရင်လည်း ရှေ့သာတိုး၊ တံခါးပိတ်ချင်ပိတ်...ပိတ်ထား။

ကိုင်း ...ဒါဖြင့် ဒကာ ဒကာမတို့ 'အညာသိ ကောဏ္ဍညော' ကောဏ္ဍညော၊ ကောဏ္ဍညသည်။ အညာသိ၊ သဒ္ဓါပညာနဲ့ သိသွားပြီ။

## သဒ္ဓါဆိုတာ

သဒ္ဓါဆိုတာက...ဘုရားဟောတာ...ယုံကြည်ပါ၊ ရမ်းပြီးတော့လည်း မယုံကြည်လိုက်ပါနဲ့၊ ဘုရားက ဟောတော့ ဟောတာပဲ၊ ကိုယ်က ရမ်းယုံကြည်လို့ရှိရင်လည်း မဖြစ်သေးဘူး၊ ဘုရားဟောတာနဲ့ ခန္ဓာနဲ့ကိုက်ပြီးတော့ ယုံပါ၊ သဘောကျကြပလား ...(မှန်ပါ့ဘုရား)။

ဘုရားက ဟောတာနဲ့ ကိုယ့်ခန္ဓာဖြစ်စဉ်နဲ့ကိုက်တာကို ယုံလို့ရှိရင် ဒါ သဒ္ဓါလို့မှတ်ပါ၊ သဒ္ဓါရှေ့ပြေးမှ ပညာနောက်က လိုက်နိုင်ပါတယ် ဆိုတာကိုလည်း သေသေချာချာ မှတ်ပါ...။

သဒ္ဓါက မယုံကြည်လို့ရှိရင် သူပြောတာ မယုံကြည်ဘူး ဆိုရင် ပညာက စူးစူးစိုက်စိုက် ရှုပါဦးမလား ...(မရှုပါဘုရား) အဲဒါကြောင့် ဘာပေါင်းကြရမယ်ဆိုတာလည်း ဒကာ ဒကာမ တွေ ရိပ်မိလောက်ပါပြီ။

ဘယ်သူ့ကို ပေါင်းကြရမယ်...(သဒ္ဓါနဲ့ ပညာကို ပေါင်း ကြရမယ်) ဘယ်သူ့ကိုဖြင့် မပေါင်းဘဲနဲ့ ခွဲခွာနေရမယ်ဆိုတာ ကော ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။

ဘာပေါ်တုံး ...(တဏှာမာနပါဘုရား) တဏှာပေါင်းလို့ ရှိရင် ဒီဘက်လှည့်မယ်...(မှန်ပါ့) သဒ္ဓါပေါင်းလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ဒါ ပစ္စုပ္ပန်ဘဝ...(မှန်ပါ့) ပစ္စုပ္ပန်ဘဝမှာပဲ သဒ္ဓါပညာ ပေါင်းလိုက်တဲ့အတွက် နိဗ္ဗာန်ဘက် ထွက်သွားတယ်။

တဏှာပေါင်းလိုက်လို့ရှိရင် ဒီမြားက ပြတယ်၊ ဒီဘက် သံသရာဘက် လှည့်သွားတယ်...(ဤနေရာ၌ စက်ဝိုင်းကို ပြ သည်)။

တဏှာပေါင်းရင် သံသရာလှည့်ပါတယ်၊ ရိပ်မိကြပလား ...(ရိပ်မိပါတယ်)။

## သဒ္ဓါနဲ့ပညာပေါင်းပါ

သဒ္ဓါပညာပေါင်းရင် နိဗ္ဗာန်ဘက်လှည့်ပါတယ်... ဒကာ ဒကာမတွေ သဘောပါကြပလား ...(ပါ-ပါတယ်ဘုရား) သေသေချာချာ စဉ်စားပါ-သေသေချာချာ စဉ်းစားပါ၊ ကဲ...ဒါဖြင့် သခင်ဝတင်တို့ ကျေနပ်ပလား၊ ဘာပေါင်းရမလဲ...(သဒ္ဓါနဲ့ပညာ ပါဘုရား)။

သဒ္ဓါနဲ့ပညာပေါင်းပါ ဒကာ ဒကာမအပေါင်းတို့၊ သဒ္ဓါ နဲ့ပညာပေါင်းပါလို့ သတိပေးလိုက်ပါတယ်...။

တဏှာကို ပေါင်းလို့ရှိရင် ခင်ဗျားတို့ သူများပြောမဟုတ် ပါဘူး၊ ဒီဘက်လှည့်သွားတယ်...မလှည့်ဘူးလား ...(လှည့်ပါ တယ်ဘုရား)။

သဒ္ဓါနဲ့ပညာ ပေါင်းလိုက်တဲ့အခါကျတော့ ဟောဒီ အကျိုးကလေးကြည့်ပါ ဒကာ ဒကာမတို့၊ နိဗ္ဗာန်ဘက် လှည့် သွားပါတယ်။ တဏှာနိရောဓေ နိဗ္ဗာန်ဘက် လှည့်သွားတယ်၊ ဒါ-အပေါင်းအသင်းလွဲမှုနှင့် အပေါင်းအသင်းမှန်မှုဟာ အတော် ခြားနားပါတယ်၊ မခြားနားဘူးလား ...(ခြားနားပါတယ်ဘုရား)။

## အပေါင်းမှန်ဖို့ ဆုံးမနေပါတယ်

အဲဒါကြောင့် ဒကာ ဒကာမတွေမှာ အပေါင်းအသင်းလွဲလို့တဲ့ ဒုက္ခရောက်နေတာ သေချာပါတယ်၊ ဒါကြောင့် အပေါင်းအသင်းနှစ်ခုကို မူတည်ပြီးသကာလ အပေါင်းမလွဲဘဲနဲ့ အပေါင်းမှန်ဖို့ ဆရာဘုန်းကြီးက ကြုံတဲ့အခါ ဒကာရင်း၊ ဆရာရင်းတွေကို ဆုံးမနေပါတယ်...။

ကိုင်း ...ဒါဖြင့် သဒ္ဓါပညာပေါင်းတော့ ဘာဖြစ်မလဲ ဘုရားလို့ မေးတဲ့အခါကျတော့ အညာသိ ကောဏ္ဍညောလို ဖြစ်မယ်...(မှန်ပါ့ဘုရား)။

ကောဏ္ဍညော၊ ကောဏ္ဍညသည်။ အညာသိ၊ သိသွားပြီ ကွဆိုတော့ အဲဒီအချိန်မှာ သူတစ်ယောက်တည်းပဲ ကမ္ဘာလောကကြီးထဲ သူတစ်ယောက်တည်းသိတဲ့ပုဂ္ဂိုလ် ရှိတယ်၊ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ရော၊ တိရစ္ဆာန်ပြည်တွေရော အညာသိ ကောဏ္ဍညောဆိုတာ ထူးထူးချွန်ချွန်သိတာ သူတစ်ယောက်ရှိ သေးတယ်ကွ...ဆိုတာ...မပေါ်ဘူးလား ...(ပေါ်ပါတယ်)။

## အပါယ်နဲ့ အိုးစားကွဲပါပြီ

ကျန်တာတွေ မသိတဲ့ ပုဂ္ဂိုလ်ချည်းပဲဆိုတာကော ဒကာ ဒကာမတို့ စကားထဲ ပါမသွားသေးဘူးလား ...(ပါသွားပါတယ်)။

အဲဒါကြောင့် ခင်ဗျားတို့ အခုကြုံကြိုက်တဲ့ ဒကာ ဒကာမတွေတော့ဖြင့် အညာသိကောဏ္ဍညလို ဖြစ်လို့ရှိရင်ဖြင့် သိသည်နဲ့ တစ်ပြိုင်နက်တည်း အပါယ်နဲ့အိုးစားကွဲပါပြီမှတ်ပါ၊ ရှင်းပလား ...(ရှင်းပါပြီ) အပါယ်နဲ့ ...(အိုးစားကွဲပါပြီ) အိုးစားကွဲပါပြီလို့မှတ်တော့၊ သြော်...တို့မှာ အပါယ်ကြွေးတွေ ရှိနေတာကို၊ အသိနဲ့ ဆပ်ရမှာပါကလားဆိုတာ...(မှန်ပါ)။

## ဒါနက သုဂတိပို့တယ်

ဒါနနဲ့ ဆပ်လို့မပြေဘူး ...(မှန်လှပါ) ဒကာ ဒကာမတွေ ...ဒါနနဲ့ ဆပ်လို့ ...(မပြေပါဘုရား) ဒါနက သုဂတိပို့လိုက်တာပဲ၊ ကြွေးက ပါသွားတော့ ပြန်ပြီးအပါယ်ကျတယ်...(မှန်ပါ) သဘောကျပလား ...။

သီလနဲ့ဆပ်လို့လည်း မရဘူးတဲ့ ...သီလတန်ခိုးကြောင့် အသက်ရှည်ပြီးသကာလ အသက်တမ်းကုန် ပြန်ကျတာပဲ...မဂ်နဲ့ ဆပ်ရမယ်၊ သဘောပါကြပလား ...(ပါ-ပါတယ်ဘုရား) ဒကာ

ဒကာမတွေ ဘာနဲ့ဆပ်မယ်...(မဂ်နဲ့ဆပ်ပါ့မယ်) မဂ်နဲ့ဆပ်မယ်ဆို တာကော သေချာပလား ...(သေချာပါတယ်ဘုရား)။

## မဂ်ဆိုတာ သိလုံးကိုဆိုတာ

အဲဒါကြောင့် ဒကာ ဒကာမတွေမှာ ဩော်...မဂ်ဆိုတာ သိလုံးကိုဆိုတာလို့သာ မှတ်လိုက်စမ်းပါ...။

မဂ်ဆိုတာ ဘာပါလိမ့်...(သိလုံးကို ဆိုတာပါဘုရား) သိလုံးကိုဆိုတာ ဆိုသဖြင့် သိရမှာက ဒုက္ခသစ္စာ။

သိရမှာက ဘာပါလိမ့်...(ဒုက္ခသစ္စာပါ) ဒုက္ခသစ္စာကိုပဲ သိရမယ်ဆိုတာဖြင့် ဒကာ ဒကာမတွေ သေသေချာချာ မှတ်ပါ ဆိုတော့ ဩော်...ဒုက္ခသစ္စာဆိုတာ ဘာပါလိမ့်မတုံးလို့ ခင်ဗျားတို့က မေးလုံးထုတ်မှာစိုးတဲ့အတွက် ခင်ဗျားတို့ ယခုဘဝဟာ ပစ္စုပ္ပန်ဘဝမှာ ၂–နံပါတ်ထဲမှာ နေပါတယ်...။

၂–နံပါတ်ထဲက ပေါ်ချင်တာပေါ် ဘာသစ္စာပေါ်မလဲ... (ဒုက္ခသစ္စာပေါ်ပါတယ်) ၂–နံပါတ်ထဲက ပေါ်ချင်တာပေါ်...(ဒုက္ခသစ္စာပါဘုရား) ၂–နံပါတ်ထဲက ရုပ်ပေါ်ပေါ်၊ နာမ်ပေါ်ပေါ်၊ စိတ်ပေါ်ပေါ်၊ ဝေဒနာပေါ်ပေါ် ဘာဆိုကြမလဲ...(ဒုက္ခသစ္စာပါဘုရား)။

## ဒုက္ခသစ္စာဆိုတာ

ဒါဖြင့် ဒုက္ခသစ္စာဆိုတာက ဒကာ ဒကာမတို့ ခွေးကိုက်လို့ နာတာ၊ ကျောက်ပေါက်လို့ ဝေဒနာရတာ၊ ခူနာဖြစ်တာကို ဆိုတာမဟုတ်ပါဘူး။

ခန္ဓာထဲမှာ ခန္ဓာငါးပါး တစ်ပါးပါး ထင်ထင်ရှားရှားပေါ်တာကို ဆိုပါတယ်၊ ရှင်းကြပလား ...(ရှင်းပါပြီ)။

ဒုက္ခသစ္စာဆိုတာ ခန္ဓာငါးပါးပေါ်တာ၊ တစ်ပါးပါး ပေါ်တာကို ဘာဆိုကြမလဲ...(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာလို့ သေသေချာချာမှတ်ပါ...။

အဲဒီတော့ ဒုက္ခသစ္စာကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ကျောပေးပြီးမနေဘဲနဲ့ သိလုံးလေးနဲ့ နေလိုက်လို့ရှိရင်ဖြင့် ဒါက ဒုက္ခသစ္စာ။

## သိလုံးတစ်ခု အရေးကြီးတယ်

ဒီက သဒ္ဓါပညာနဲ့ သိပေးလိုက်တယ် ဆိုလို့ရှိရင်ဖြင့် ...တဲ့ 'အညာသိ ကောဏ္ဍညော' လိုဖြစ်မယ်...။

ကောဏ္ဍညော၊ ကောဏ္ဍညသည်။ အညာသိ၊ ဒုက္ခသစ္စာကို မဂ်နဲ့သိပြီးဆိုတော့ ဒီဘက်သွားသေးလား ...(မသွားပါ

ဘုရား)။

ဒါဖြင့် ဒီ သိလုံးတစ်ခုဟာ ဘယ်လောက်အရေးကြီးနေသလဲ...(အရေးကြီးပါတယ်ဘုရား) ဒကာ ဒကာမတွေ... ဘယ်လောက် အရေးကြီးတယ်ဆိုတာ ပေါ်ကြပလား ... (ပေါ်ပါပြီ ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့မှာ ကယ်မည့် ယူမည့်ဥစ္စာ အသိတစ်လုံးပဲရှိတယ်၊ ကယ်မည့် ယူမည့်ဟာ ဘာပါလိမ့် ...(အသိတစ်လုံးပဲရှိပါတယ်ဘုရား)။

အသိတစ်လုံးပဲ ရှိတယ်ဆိုတော့ ဒကာ ဒကာမတို့ ဒီအသိကလေးကလည်း ဆရာဘုန်းကြီးက ပြလိုက်တော့ကိုဟော ... မင်းဟာ မင်းတို့ ယခုဘဝခန္ဓာကြွ၊ ၂-နံပါတ်ဟာ ဘာပါလိမ့်... (ယခုဘဝခန္ဓာပါဘုရား) ယခုဘဝခန္ဓာပေါ်တိုင်း ပေါ်တိုင်း သိပေးပါ။

## ခန္ဓာပေါ်တိုင်း ပေါ်တိုင်း သိပေး

ခန္ဓာပေါ်တိုင်း ပေါ်တိုင်း သိပေးတော့ ဝေဒနာပေါ်လည်း သိ၊ စိတ်ပေါ်လည်းသိ၊ သိတဲ့အခါကျလို့ရှိရင်ဖြင့် အသိခန္ဓာ ဘာသစ္စာတုံး မေးမှာစိုးတဲ့အတွက် ဒီမှာထောက်ကြည့် ဘာသစ္စာ

တုံး ...(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာ သိတာပေါ့ဗျ...ဒကာ ဒကာမတွေ ဘာသိတာတုံး ...(ဒုက္ခသစ္စာ သိတာပါဘုရား) ဒုက္ခသစ္စာ ဒုက္ခသစ္စာသိတယ်၊ သိလုံးက မဖြတ်ဘူးလား ...(ဖြတ်ပါတယ် ဘုရား) ဒါက ခန္ဓာထဲက ပေါ်တာ ဘာသစ္စာတုံး ...(ဒုက္ခသစ္စာပါဘုရား)။

သိလုံးသည်ကား ဆိုရင်ဖြင့် သိပါပြီဆိုလို့ရှိရင်ဖြင့် ဒါ ဝိပဿနာမဂ်လို့ သိမှတ်လိုက်စမ်းပါ၊ သဘောကျပလား ...(ကျပါပြီဘုရား)။

သူသိတာနဲ့ပဲ ဒီက တဏှာအဖော်လုပ်သေးရဲ့လား ...(မလုပ်ပါဘုရား) တဏှာ အဖော်မလုပ်ကတည်းက ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်းဆိုတာ လာသေးရဲ့လား ...(မလာပါဘုရား) မလာတော့ဘူးဆိုတာ ခင်ဗျားတို့ သူများပြောလား၊ မျက်မြင်လား ...(မျက်မြင်ပါဘုရား)။

အဲ...သူများပြောကို မယုံပါနဲ့၊ ခင်ဗျားတို့ မျက်မြင်ကို ယုံပါဆိုတော့ 'ဟာကွာ...ကိုယ့်မျက်မြင်ထက် သူများပြောတာသာ ယုံတယ်' ဆိုရင် အရှုံးမှ ဒီစကားသုံးမှာ...။

အကောင်းဆိုရင် ဒီစကားကို...(မသုံးပါ) အဲဒါက အခု ပြောတာက ခင်ဗျားတို့ မျက်မြင်ကို ပြောပါတယ်၊ မြင်တယ်ဆိုလို့ ရှိရင် ဒကာ ဒကာမတို့ စိတ္တာနုပဿနာကို ဟောနေလို့၊ ဟော တော့ အကုန်ဟောမယ်။

သို့သော် ခင်ဗျားတို့နဲ့ အလျော်ဆုံးက ကိုယ့်စိတ်ကိုယ် ရှုတာ အလျော်ဆုံးဖြစ်နေတယ်...သဘောကျရဲ့လား ...(ကျပါ တယ်ဘုရား) သူများစိတ် ရှုရမှာလား၊ ကိုယ့်စိတ်ရှုရမှာလား ... (ကိုယ့်စိတ်ရှုရမှာပါဘုရား)။

## ဖြစ်ပြီးပျက်တဲ့စိတ်နဲ့ သိတဲ့စိတ်

ကိုယ့်စိတ်ကိုယ်ရှုတဲ့ ပုဂ္ဂိုလ်သည်တဲ့၊ အမှန်ကိုသိသော ကြောင့် ကိုယ့်စိတ်က ကိုယ်ပြန်သိလိုက်တဲ့ အချိန်ကျတော့ ဒကာ ဒကာမတို့ စိတ်ဆိုတာ ဖြစ်ပြီးပျက်သွားတဲ့စိတ်က တစ်မျိုး၊ သိတဲ့ စိတ်ကတစ်မျိုး၊ သဘောကျပလား ...(ကျပါတယ်ဘုရား) ဖြစ်ပြီး ပျက်သွားတဲ့စိတ်က...(တစ်မျိုးပါဘုရား) သိတဲ့စိတ်က... (တစ်မျိုးပါ ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ကိုသိတယ်၊ သဘောကျပလား ...(ကျပါ တယ်ဘုရား) ဒါဖြင့် ဖြစ်ပျက်က အသေ...ဖြစ်ပြီး ပျက်သွားတာ က...(အသေပါ) မဂ်က အရှင်၊ သူကနောက်မှ ပေါ်ရတာကိုး...။

ဒါဖြင့် အသေကို အရှင်နဲ့သိပေးတယ်၊ ဒါ ဝိပဿနာခေါ်တယ်၊ အသေကို အရှင်နဲ့သိတာ...(ဝိပဿနာ ခေါ်ပါတယ်ဘုရား)။

ဟော...ဝိပဿနာ အလွယ်ကလေးပါလား ဒကာဒကာမတို့ ...အသေကို...(အရှင်နဲ့သိတာပါ) အသေကို အရှင်နဲ့သိရင် ဒါ ဝိပဿနာ ခေါ်တာပဲ၊ စာလိုသုံးနေလို့ ခင်ဗျားတို့က နားယောင်နေတာ၊ ကိုယ့်အသေကို ကိုယ့်အရှင်စိတ်နဲ့ သိရင် ပြီးတာပဲ...။

## အသေကို အရှင်စိတ်နဲ့ကြည့်ပါ

အသေကို...(အရှင်စိတ်နဲ့သိရင် ပြီးတာပါ) ကြည့်ပါ... ဒီထဲမှာ စိတ်ကလေးတစ်ခု ပေါ်လာတယ်၊ စိတ်သက်က ၁–နဲ့ ၂–ပဲရှိတယ်၊ ၁–ဆိုရင် ဖြစ်တယ်၊ ၂–ဆိုရင် ပျက်တယ်...အဲဒါကလေးကို နောက်သိလုံးကလေးနဲ့ နောက်စိတ်နဲ့ သိပေးလိုက်တာပေါ့၊ နောက်စိတ်နဲ့ အသက်ရှင်နေတာ၊ ဒီစိတ်က သေသွားပြီ၊ လူတစ်ယောက် သေသွားပြီ၊ မောင်ဘအေးဖြင့် မောင်ဘအေးတစ်ယောက် သေသွားပြီ၊ ကိုသန်းမောင်ဖြင့် ကိုသန်းမောင်တစ်ယောက် သေသွားပြီ၊ ကိုယ့်အသေကို ဒီကနေကြည့်ပေး ...။

အသေဟာ ဘာသစ္စာခေါ်ကြမလဲ...(ဒုက္ခသစ္စာပါ) အသိက မဂ္ဂသစ္စာ...ကိုယ့်ဉာဏ်နဲ့ ကိုယ့်အသေ ကိုယ်သိတာ ဝိပဿနာခေါ်တယ်၊ ပေါ်ကြပလား ..(ပေါ်ပါပြီဘုရား)။

ဒီလိုဆိုတော့ ဝိပဿနာ ခက်သေးရဲ့လား ...(မခက်ပါဘုရား) မခက်တာကို ဘယ့်နှယ်ကြောင့်တုံးဆိုတော့ ဆရာနည်းပေး လိုနေလို့ ...ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။

ကိုယ့်အသေကို လူတစ်ယောက်မှာ စိတ်တစ်ခုနဲ့အသက်ရှင်နေတယ်၊ ဒီစိတ်ပျက်သွားတယ်ဆိုရင် လူတစ်ယောက်သေတယ်လို့ ဆုံးဖြတ်ချက်ချပါ...။

နောက်တစ်ခါ ဒီအသေကိုပဲ ဆရာဘုန်းကြီးက ကြည့်ရမယ်လို့ ပြောထားတော့ ဉာဏ်ကလေးနဲ့ကြည့်လိုက်တော့ ဒီအချိန်မှာ ဉာဏ်နဲ့ အသက်ရှင်နေတာ၊ သဘောကျပလား ...။

သေတာက စိတ်တစ်ခုနဲ့ သေသွားပြီ၊ အသက်ရှင်နေတဲ့ ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကျတော့ သူများအသေမြင်တာလား၊ ကိုယ့်အသေကိုယ်မြင်တာလား ...(ကိုယ့်အသေ ကိုယ်မြင်တာပါဘုရား)။

## သေတာက ဒုက္ခသစ္စာ

ဒါဖြင့် ကိုယ်သေတယ်ဆိုတော့ သေတာသည် ဒုက္ခမှ ဟုတ်ပါရဲ့လား ...(ဟုတ်ပါတယ်ဘုရား) ဒီထောက်ကြည့် သေတာက ဒုက္ခသစ္စာ...(ဒုက္ခသစ္စာပါ) မပါဘူးလား ...(ပါ- ပါတယ်ဘုရား) သေတာဘာတုံး ...(ဒုက္ခသစ္စာပါဘုရား)။

သေတာက ဒုက္ခသစ္စာ၊ ကိုယ့်အသေ ကိုယ်သိတာက မဂ်ဉာဏ်မို့သိတာ မဂ္ဂသစ္စာ...လောကီမဂ္ဂသစ္စာဆိုတာ ကျေနပ် ပလား ...(ကျေနပ်ပါပြီ)။

## သိတာက မဂ္ဂသစ္စာ

ဒါဖြင့် ကိုယ့်အသေ ကိုယ်သိတာက ဝိပဿနာ၊ ကိုယ့် အသေ ကိုယ်သိတာ...(ဝိပဿနာပါဘုရား) ဝိပဿနာဆိုတာက ကိုယ့်အသေက ဒကာ ဒကာမတို့ ဒုက္ခသစ္စာ အဖန်ဖန်သိနေတာ က...(မဂ္ဂသစ္စာပါဘုရား)။

မဂ္ဂသစ္စာ၊ အဖန်ဖန်သိတာ ထောက်ပြီးတော့ ဝိပဿနာ လို့ နာမည်ပေးလိုက်ပါတယ်၊ ရှင်းပလား ...(ရှင်းပါပြီ)။

ဒါဖြင့် ကိုယ့်အသေကို ကိုယ်သိတယ်လို့ဆိုတော့ ခင်ဗျား တို့ ဘယ်တော့မှ မသိဘူး၊ ကိုယ့်အသေ သူများကသာ မသာပို့

သွားတယ်...ကိုယ်သေတာကို ဘယ်သူမှ မသိဘူး။

သေမှာထင်ပါရဲ့ဆိုတာကော လူတိုင်းပြောကြတယ်၊ သေတဲ့အချိန် သိသေးရဲ့လား ...(မသိပါဘုရား)။

အဲဒါတွေ ခင်ဗျားတို့ ခုနက ပြောခဲ့တဲ့ သစ္စဉာဏ်တွေ မရလို့ ခုတော့ စောစောစီးစီးရထားတော့ အို...သေတာ အထူး မဟုတ်ပါဘူး၊ အစကတည်းက သေနေတာ...မလာပေဘူးလား ...(လာပါတယ်ဘုရား)။

## ဘုရား ရဟန္တာများကျတော့

ဒါ့ကြောင့် ဘုရား–ရဟန္တာများကျတော့ အစောကြီးက အသေတွေ သိနေတာ အထူးအဆန်းလား၊ ဆရာလက်လွှတ်တဲ့ ဝေဒနာ အထူးအဆန်းလားလို့ မေးတဲ့အခါကျတော့ အထူးအဆန်း မဟုတ်ပါဘူး၊ အရင်သေဖူးနေပါပြီ ဆိုပြီးသကာလ ဒကာ ဒကာမ တို့ ဒီအသေခန္ဓာကြီးကို မတွေ့ရမည့်နေရာ မြင်နေရတော့ ဘုရား ရဟန္တာကျတော့ ပြုံးများနေလိုက်သေးတယ်...။

ဒီတစ်ခါသာ သေရတော့မယ်ကွ၊ နောက်အသေ ဇာတ်သိမ်းပြီဆိုတော့ ဒကာ ဒကာမတွေ မပြုံးပေဘူးလား ...(ပြုံးပါတယ်ဘုရား) အေး ...ဒကာ ဒကာမတွေ မပြုံးပေဘူးလား ...

(ပြုံးပါတယ်ဘုရား) ပြုံးမယ်ဆိုတာ ဒကာ ဒကာမတွေ ရိပ်မိကြပလား ...(ရိပ်မိပါတယ်) ရိပ်မိကြပါတယ်ဆိုတာကို သတိပေးလိုက်ပါတယ်...။

## ဝိပဿနာဆိုတာ

ကိုင်း ...ဒါဖြင့် ဝိပဿနာဆိုတာ အသေကို အရှင်နဲ့ကြည့်တာလို့မှတ်၊ ဝိပဿနာဆိုတာ...(အသေကို အရှင်နဲ့ကြည့်တာပါဘုရား) အသေကို အရှင်နဲ့ကြည့်တာပဲ။

ခင်ဗျားတို့က ဝိပဿနာဆိုတာ ပွားတာ၊ တောကျောင်းတောင်ကျောင်းသွားပြီး ရှုရတယ်မှတ်နေတာ၊ ဟုတ်ကြရဲ့လား ဒကာ ဒကာမတို့ တောကျောင်း တောင်ကျောင်း သွားရှုရတာ... (မဟုတ်ပါဘုရား)။

ကိုယ့်အသေက ဘယ်မှာရှိသတုံး၊ ကိုယ့်ခန္ဓာထဲမှာ၊ ကိုယ့်အသိကကော...(ခန္ဓာထဲမှာပါဘုရား) ဒါ ကမ္မဋ္ဌာန်းကျောင်းပေါ့ဗျ...ရိပ်မိပလား ...(ရိပ်မိပါပြီ)။

ဘုန်းကြီးက တောမထွက်ချင်အောင် ဟောနေပြန်ပြီလို့ မဆိုကြနဲ့ဦး၊ ထွက်မှာလည်း မဟုတ်ပါဘူး၊ ခင်ဗျားတို့ လူစုတွေ ကိုယ့်အသေ ကိုယ်သိရင် ပြီးတာပဲ...။

တောထဲသွားနေပြီးသကာလဲ မြို့စိတ်ပေါက်နေလည်း ဦးမြကြီး ကိုယ့်အသေ ကိုယ်သိရဲ့လား ...(မသိပါဘုရား) မသိပါဘူး။

## တောကျောင်း တောင်ကျောင်း

တောကျောင်း တောင်ကျောင်းဆိုတာကွာ...ရှင်းရှင်းပြောပါ့မယ်၊ လှေကားခုံက တစ်ပေထွက်ရင် တောကျောင်းပါပဲ၊ အဘိဓမ္မာနည်းက ဒီအိမ်က ဦးသံဒိုင်တို့ လှေကားကနေပြီး ဒီဘက် တစ်ပေထွက်ပြီး နှလုံးသွင်းလိုက်ပါလား၊ ဒါ ဘာခေါ်ကြမလဲ... (တောကျောင်းပါဘုရား) နို့ ...ဒီနားမှာ ဒီတိုက်ထဲတွင် သူရမှာပေါ့ဗျ...မဟုတ်ဘူးလား ,...(မှန်ပါ့)။

တောသွားမှ အန္တရာယ်တွေ, မာရ်စွယ်တွေ, ရန်စွယ်တွေ စိုးရိမ်နေရသေးတယ်၊ အခု စိုးရိမ်စရာ ရှိရဲ့လား ...(မရှိပါဘုရား)။

## လှေခါးခုံက ဆင်းရင် တောကျောင်း

အဲ...တောကျောင်း တောင်ကျောင်းဆိုတာက သမထကို ဟောတာ...ရိပ်မိကြပလား ...(ရိပ်မိပါပြီ) တောကျောင်း တောင်ကျောင်းက...(သမထကို ဟောတာ) ဝိပဿနာက လှေကားခုံက ဆင်းရင် တောကျောင်းဖြစ်တယ်ကွ...ဆိုတော့ အဘိဓမ္မာနည်းနဲ့

သုတ္တန်နည်းဟာ တခြားစီ...ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘုန်းကြီးက အခုပြောနေတာက စက်ဝိုင်းကြီး ပြောနေတယ်လို့ ခင်ဗျားတို့က မယူကြပါနဲ့...ခန္ဓာထဲမှာ ဟောဒီ မျက်လုံးက မြင်တယ်ဆိုတော့ ခန္ဓာထဲမှာပေါ်တဲ့ ပဋိစ္စသမုပ္ပာဒ်...မျက်လုံးမြင်တာက ဘယ်က နေမြင်သတုံး ...(ခန္ဓာထဲမှာပေါ်တဲ့) ခန္ဓာဟာ မျက်လုံးပဲ မဟုတ်လား ...(မှန်ပါ့)။

## မြင်စိတ်ကလေး

ဒါဖြင့် ဒီမျက်လုံးသည်ကားဆိုရင် မြင်စိတ်ကလေးသည် ကားလို့ ဆိုလို့ရှိရင်ဖြင့်တဲ့ မြင်ပြီးသကာလ ဒကာ ဒကာမတို့ အကောင်းအဆိုး ရွေးနိုင်ရဲ့လား ...(မရွေးနိုင်ပါဘုရား)။

အကောင်းအဆိုး ရွေးတာက ဒီတဏှာကရွေးမှာ...ဒိပြင် ဟာက ရွေးနိုင်ရဲ့လား ...(မရွေးနိုင်ပါဘုရား) ကိုင်း ...သူမရွေးခင် ကျုပ်တို့က တဏှာမလာခင် ဒီ မြင်စိတ်ကလေးသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ကိုယ့်ခန္ဓာ ဝိညာဏက္ခန္ဓာ ဆိုတဲ့စိတ်ကလေး သေသွားပြီဆိုပြီး ဒီကနေ သိပေးလိုက်တော့ တဏှာဆက်သေးရဲ့ လား ...(မဆက်ပါဘုရား)။

အဖော်ကော လုပ်ဖြစ်သေးရဲ့လား ...(မလုပ်ဖြစ်ပါ) အို... သဒ္ဒါ၊ ပညာ အဖော်လုပ်လိုက်တယ်...အပေါင်းတည့်သွားပြီ မတည့်သေးဘူးလား ...(တည့်သွားပါပြီ) တည့်သွားတော့ကို ဒုက္ခသစ္စာသိတဲ့ မဂ္ဂသစ္စာဆိုတော့ ခင်ဗျားတို့ဟာတဲ့ အညာသိ။

ဥပမာ...ဒကာ ဒကာမတွေ အညာသိ ဒကာ ဒကာမတွေ ဆိုရင် လွဲမလား ...(မလွဲပါဘုရား) ဒကာ ဒကာမတွေ ဒကာ ဒကာမတွေသည် အညာသိ ဒီသစ္စာကို သိသွားပြီ...သဘောကျ ပလား ...(မှန်ပါ့)။

ဒကာ ဒကာမတွေသည် ဖြစ်ပျက်ဒုက္ခသစ္စာကို သိသွားပြီ၊ သဘောပါပလား ...(ပါ–ပါပြီ) ဒကာ ဒကာမတွေသည် ဖြစ်ပျက် ဒုက္ခသစ္စာကို ...(သိသွားပြီ) သိသွားပြီ။

## မဂ်ရဖို့ အလုပ်ဟာ ဆုတောင်းအလုပ်လား

ဒါဖြင့် အသိခံရတာက ဘာသစ္စာတုံး ...(ဒုက္ခသစ္စာပါ ဘုရား) သိတာကလေးက ဘာပါလိမ့် ...(မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မဂ်ရဖို့အလုပ်ဟာ ဆုတောင်းအလုပ် လား၊ အသိအလုပ်လား ...(အသိအလုပ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ရွှေတိဂုံဘုရားသွားပြီးသကာလ မဂ်ဖိုလ် ရက်တိုတိုနဲ့ ရ,ရပါလို၏ ဆိုတော့ ရွှေတိဂုံကလည်း ဓာတ်တော်မွေတော်တွေ အဝိညာဏက ဖြစ်နေတော့ ပေးနိုင်ပါ့မလား …(မပေးနိုင်ပါ) ကိုယ့်ဉာဏ်နဲ့ကိုယ် သိပြီးသကာလ နိဗ္ဗာန်သွားရမယ်…ရိပ်မိပလား …(ရိပ်မိပါပြီ)။

ဘုရားက ကြည်ညိုဖို့ သက်သက်…ပြော်…ကျေးဇူးတော်ရှင် တို့ ဒီတရားတွေ ထားပစ်ခဲ့ပေတယ်၊ သိအောင်ထားခဲ့ပေတယ်ဆိုပြီးသကာလ ဒကာ ဒကာမတွေက ဘုရားကို ကျေးဇူးတင်တဲ့သဘောနဲ့သာ ရှိခိုးရမယ်၊ ကိုးကွယ်ရမယ်…။

သိအောင်လုပ်တာက ကိုယ့်ဉာဏ်နဲ့ကိုယ်လုပ်ရမယ်… (မှန်ပါ့) သဘောကျပလား …(ကျပါပြီ) ဘုရားကိုတော့ ကျေးဇူးတော်ရှင်အဖြစ်နဲ့ ကိုးကွယ်ရမယ်၊ သဘောကျပလား …(မှန်ပါ့)။

## သုဂတိရောက်ချင်လား၊ နိဗ္ဗာန်ရောက်ချင်လား

ခင်ဗျားတို့ နိဗ္ဗာန်သွားချင်တာက ကျေးဇူးတော်ရှင်ပြောတဲ့ စကားအတိုင်း အသိလုပ်၊ လုပ်ပါတော့မယ်ဆိုမှ နိဗ္ဗာန်ရောက်မယ်…ရှိခိုးလို့တော့ သုဂတိပဲရောက်မယ်…ဘုရားရှိခိုးလို့ရှိရင် ဒကာ ဒကာမတို့ တိုတိုမှတ်လိုက်ပါ၊ သုဂတိရောက်ရုံပဲတဲ့…။

ဘုရားဟောတာကို မှတ်ပြီး အသိနှင့် သိနေကြလို့ရှိရင် နိဗ္ဗာန်ရောက်မယ်...ဒါဖြင့် သုဂတိရောက်တာ ကြိုက်သလား၊ နိဗ္ဗာန်ရောက်တာ ကြိုက်သလား ...(နိဗ္ဗာန်ရောက်တာ ကြိုက်ပါတယ်)။

## ဘုရားကြည်ညိုရင် သုဂတိ

အဲဒါ ဘုရားကြည်ညိုရင် သုဂတိ၊ ရှင်းကြပလား ...(ရှင်းပါပြီဘုရား) ဘုရားကြည်ညိုရင် ...(သုဂတိပါဘုရား) ဘုရားပြောတဲ့အတိုင်း မှတ်ပြီး လုပ်လို့ရှိရင်ဖြင့် နိဗ္ဗာန်...။

သခင်ဝတင် ဘယ်ဟာကြိုက်သတုံး ...(နိဗ္ဗာန်ကြိုက်ပါတယ်ဘုရား) နိဗ္ဗာန်ကြိုက်ပါတယ်ဆိုတာ ဒုက္ခချုပ်သိမ်းငြိမ်းတာ နိဗ္ဗာန်ပဲ...ကြည်ညိုတာက လူ့ဒုက္ခနဲ့ နတ်ဒုက္ခလဲတာ၊ ကြည်ညိုတာက ဘာပါလိမ့်...(လူ့ဒုက္ခနဲ့ နတ်ဒုက္ခ လဲတာပါဘုရား)။

## လူ့ဒုက္ခနဲ့ နတ်ဒုက္ခလဲတာ

ဒါဖြင့် သစ္စာဟောလိုက်တော့ လူ့ဒုက္ခလည်း ဘာသစ္စာတုံး ...(ဒုက္ခသစ္စာပါဘုရား) နတ်ဒုက္ခကော...(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် တယ်မထူးပါဘူး ခင်ဗျားတို့ ...သဘောကျပလား၊

ဒီဘက်က တစ်ဆယ်သား ထုပ်ပြီး ဟိုဘက်က တစ်ဆယ်သား ထုပ်ထားတော့ အလေးချိန် အတူတူပဲ ရိပ်မိပလား ...(ရိပ်မိပါပြီ)။

သို့သော် ဟိုတစ်ဆယ်သားက အရောင်ကလေးပါတယ်၊ ဝါဝါကလေး ...ဒီဘက် တစ်ဆယ်သားကတော့ ကျောက်ခဲရိုးရိုးမို့ ဖြူဖြူကလေးဖြစ်နေတယ်။

ဖြူဖြူကလည်း ခုနက တစ်ဆယ်သားလေးတာပဲ...ဝါဝါကကော...(တစ်ဆယ်သားလေးတာပါပဲ) ဘယ်ဟာ ထမ်းချင်သတုံး ...(ဘယ်ဟာမှ မထမ်းချင်ပါဘုရား) ဘယ်ဟာမှ မထမ်းချင်မှ ဘဝတဲဏှာ ပြတ်ပါတယ်၊ ဘယ်ဟာမှ မထမ်းချင်ရင် ဒီတဏှာ မလာတော့ဘူး၊ လာသေးရဲ့လား ...(မလာပါဘုရား)။

ထမ်းချင်ရင် တဏှာအဖော်လုပ်တယ်...သဘောကျပလား ...(ကျပါပြီဘုရား) လူပြည် နတ်ပြည်ရောက်ချင်ရင် ဘာအဖော်လုပ်တာတုံး ...(တဏှာ အဖော်လုပ်တာပါဘုရား)။

လွဲပြီပေါ့ဗျ၊ ဘုရားက သေသေချာချာဟောတယ်၊ တဏှာ အဖော်မလုပ်နဲ့ ပြောခဲ့သားပဲ...ခင်ဗျားတို့က ဘုရားရှေ့သွားပြီးသကာလ တပည့်တော် တဏှာအဖော်လုပ်ဖါရစေလို့ သွားတောင်းတော့ ဘုရားအကြိုက်လား၊ ခင်ဗျားတို့အကြိုက်လား ...(တပည့်တော်တို့ အကြိုက်ပါဘုရား)။

## စုံလုံးကန်းဆိုလို့ မနာလိုက်ပါနဲ့

ဒါဖြင့် စုံလုံးကန်းအကြိုက်ပေါ့...မြင်ထွဲပုဂ္ဂိုလ်၏ အကြိုက် မဟုတ်ဘူး၊ သဘောပါကြပလား ...(ပါ,ပါပြီဘုရား)။

စုံလုံးကန်းဆိုလို့ မနာလိုက်ပါနဲ့ ဒကာ ဒကာမတွေနော်... (မှန်ပါ့) စုံလုံးကန်းဆိုလို့ မနာလိုက်ပါနဲ့ ကိုယ်ကန်းတာက များ သေးဟယ် ဆရာပြောတာ နည်းသေးတယ်...သဘောကျပလား ...(ကျပါပြီ)။

ကိုင်း ...ဒကာ ဒကာမတို့၊ ခင်ဗျားတို့ ကိုယ့်စိတ်ကို ကိုယ် ရှုပါ၊ ဘာတဲ့တုံး ...(ကိုယ့်စိတ်ကို ကိုယ်ရှုရမယ်) ကိုယ့်စိတ်ကို ကိုယ်ရှုပါ၊ သဘောကျပလား ...(ကျပါပြီ) ကိုယ့်စိတ်...ကိုယ်ရှု ပါ။

ဒါက ကိုယ့်စိတ်ကို အဲဒီတော့ ကိုယ့်စိတ် ကိုယ်ရှုပါဆို တော့ ဆရာဘုန်းကြီး ရှင်းစရာအကွက်ပါလား၊ စိတ်,စိတ်ချင်း ရှုရမယ့်အကွက်ဟာ အတော်အရေးကြီးပါတယ်။

ဒါ ကိုယ့်စိတ်လို့ ဆိုသဖြင့် ကိုယ်သိပါတယ်ဆိုတော့ သိတဲ့အချိန်မှာ ဒီစိတ်ရှိသေးရဲ့လား ...(မရှိပါဘုရား) နှစ်စိတ်နဲ့ အသက်မရှင်ကောင်းဘဲကိုး ...တစ်စိတ်နဲ့သာ အသက်ရှင်ရမယ်။

အဲဒီတော့ ကိုယ့်စိတ်ကို ကိုယ်သိပါ ဆိုငြားသော်လည်း စိတ်ကိုသိရတာမဟုတ်၊ အပျက်ကို သိရတာ၊ ပေါ်ကြပလား ... (ပေါ်ပါပြီ) ကိုယ့်စိတ်ကိုယ် သိငြားသော်လည်း ...(အပျက်ကို သိရတာပါဘုရား) ဒါဖြင့် ဒီက အပျက်၊ ဒီက မဂ်ဆိုတာ သွားကိုက်တယ်...။

ဒါကလေးတွေက အချက်ကလေးတွေလို့ မှတ်ပါ၊ တော်တော်အရေကြီးတဲ့စကား ...(မှန်ပါ့) ခင်ဗျားတို့က ဘုရားက ဟောထားတာက စိတ္တာနုပဿနာရှု ဆိုတော့ စိတ်ကို အရှုခိုင်းတယ်လို့ ထင်လိမ့်မယ်...(မှန်ပါ့)။

စိတ်ကို အရှုခိုင်းတာမဟုတ်ဘူး၊ စိတ်၏ ပျက်မှုကို ရှုပါ ပြောတာ...ဘာပြုလို့တုံး ...ရှုတဲ့အချိန်မှာ ဒီစိတ်ရှိသေးရဲ့လား ...(မရှိပါဘုရား)။

ဒါဖြင့် စိတ်ရှုရမှာလား၊ အပျက်ရှုရမှာလား ...(အပျက်ရှုရမှာပါ)။

## စိတ်၏မရှိမှု အရှုခိုင်းတာ

အဲဒီမှာ ခင်ဗျားတို့က သာမည ဆရာသမားနဲ့ သာမည ကိုယ့်ဉာဏ်ကလေးနဲ့ဆိုတော့ စိတ်အရှုခိုင်းတယ်ဟေ့...လို့ ခင်ဗျားတို့က မြို့ထဲလည်ပြောလိမ့်မယ်၊ အခုလာတဲ့ ဒကာ

ဒကာမတွေက စိတ်အရှုခိုင်းတာ မဟုတ်ဘူးဟော့၊ သဘောကျပလား ...(ကျပါပြီဘုရား)။

စိတ်၏ မရှိမှုကို ရှုခိုင်းတာ၊ ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား) ဘာအရှုခိုင်းတာပါလိမ့်...(စိတ်၏မရှိမှုကို အရှုခိုင်းတာပါ)။

ရှိတာရှုနေလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ခိုင်တာမြဲတာရှုသောကြောင့် သဿတဒိဋ္ဌိ ဖြစ်ကယ်...။

မရှိတာ ရှုမှသာလျှင်...တဲ့ သဿတဒိဋ္ဌိက လွတ်တယ်၊ ရိပ်မိပလား ...(ရိပ်မိပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ အသေကို အရှင်နဲ့ ရှုပါဆိုတာ အမှန်ဆုံးပဲ...သဘောပါကြရဲ့လား ...(ပါ,ဖါတယ်ဘုရား)။

အသေကို...(အရှင်နဲ့ရှုပါ) အရှင်နဲ့ရှုပါဆိုတာမှ ဝိပဿနာစိတ်ကို ရှုပါဆိုတော့ ဒီစိတ်ကလည်း ရှိသေးတယ်၊ ဒီရှုတဲ့ဉာဏ်က ပေါ်နေပြီဆိုတော့ နှစ်ခုပြိုင်ပေါ်နေတယ်...(မှန်ပါ့)။

ပြိုင်ပေါ်ဆိုရင် လွဲတယ်...(မှန်ပါ့) ဒကာ ဒကာမတွေ လွဲတယ်။

## တစ်ခုသေပြီး တစ်ခုဖြစ်ရမှာ

တစ်ခုသေပြီး တစ်ခုဖြစ်ရမှာက ...(မှန်ပါ့ဘုရား) ဒကာ ဒကာမတွေက ဘာတဲ့တုံး ...(တစ်ခုသေပြီးမှ တစ်ခုဖြစ်ရမှာပါဘုရား) တစ်ခုသေပြီးမှ တစ်ခုဖြစ်ရမှာကို ဒကာ ဒကာမတွေက စိတ်ကို အရှုခိုင်းတယ်၊ ဒါကြောင့် ကျုပ်ကဖြင့် စိတ်လာတိုင်း ရှုနေတာပဲဆိုရင် ဒါဝိပဿနာ မဟုတ်ဘူး၊ ဝိပဿနာ အပါးမဝသေးဘူး၊ ဆရာရင်လည်း လိုမယ်၊ ကိုယ်ရင်လည်း လိုမယ်...။

စိတ်ဟာ နှစ်ခုပြိုင် ပေါ်ကောင်းရဲ့လား ...(မပေါ်ကောင်းပါဘုရား)။

## တစ်မြို့လုံးကို ပြင်ပေးနေတာ

ဒါဖြင့် ပထမစိတ် ပျက်ပြီးတော့မှ ဒုတိယစိတ် ဖြစ်တယ်...ဒုတိယရှုတဲ့ စိတ်ဖြစ်တယ်၊ ဒါဖြင့် ပထမစိတ်က အသေပါ၊ ဒုတိယစိတ်က ရှင်ဆဲပါ၊ အသေကို...(ရှင်တဲ့စိတ်နဲ့ရှု) အဲဒါမှ ဝိပဿနာအစစ်။

စိတ်ကိုရှုရင် ဝိပဿနာအစစ် မဟုတ်ဘူး။

ဝေဒနာကိုရှုရင်...(ဝိပဿနာ အစစ်မဟုတ်ပါဘုရား) ဝိပဿနာ အစစ်မဟုတ်ဘူးဆိုတာ သေချာကြပလား ...(သေချာပါပြီဘုရား)။

အဲဒါ တစ်မြို့လုံး ပြင်ပေးနေတယ် အောက်မေ့ပါ၊ အမှန်က သခင်ဝတင်ကြီးကို မင်း ဘာရှုနေတုံးဟေ့...တို့ ဒကာ ဆရာတွေ ကြာပြီတွေ့နေကြတာ၊ ကိုသန်းမောင်တို့လည်း တွေ့နေတာကြာပြီ။

တပည့်တော် ဘုန်းကြီးပြောတဲ့အတိုင်း စိတ်ရှုနေပါတယ်လို့ဆိုတာ အပြောတော့ ပြောတာပေါ့၊ စင်စစ်တော့ တပည့်တော် အသေ တပည့်တော်ရှုနေပါတယ်၊ ဒါမှအမှန် ဦးညွန့် ...ရိပ်မိကြပလား ...(ရိပ်မိပါပြီ)။

အေး ...ဦးသန်းမောင်ကြီး နောက်က အိပ်နေသလားကွ... (မအိပ်ပါဘုရား) မအိပ်ပါဘူး၊ သေသေချာချာ လုပ်ကွ။

ကိုင်း ...ဒါဖြင့် ဒကာ ဒကာမတွေအသေကို ဘာနဲ့ကြည့်ရမယ်...(ဉာဏ်နဲ့ကြည့်ရမှာပါဘုရား)။

## ဝိပဿနာဆိုတာ ဘာပါလိမ့်

အသေကို အရှင်နဲ့ကြည့်ရမယ်၊ အရှင်နဲ့မကြည့်လည်း မမြင်ဘူး၊ အသေကို မတွေ့သေးလို့ရှိရင်လည်း ဟသ်ာတ ဦးမြကြီး အနိစ္စမတွေ့သေးဘူး ...တွေ့ပါ့မလား ...(မတွေ့ပါ ဘုရား)။

ဒါဖြင့် ဝိပဿနာဆိုတာ ဘာပါလိမ့်...(အသေကို အရှင်နဲ့

ကြည့်တာပါ) ဒါ မှတ်ထားပါ။

စိတ္တာနုပဿနာလား၊ အသေကို အရှင်နဲ့ကြည့်တာလား ...(အသေကို အရှင်နဲ့ကြည့်တာပါ)။

ဝေဒနာနုပဿနာလား၊ အသေကို အရှင်နဲ့ကြည့်တာ လား ...(အသေကို အရှင်နဲ့ကြည့်တာပါဘုရား)။

ဒါမှ လမ်းမှန်ကျတယ်၊ ဒါကတော့ဖြင့် ဒကာ ဒကာမတို့ ဘယ်သူ့မှ စောဒနာ မနေနဲ့၊ ဘုရားကလဲ...။

သမုဒယဓမ္မာနုပဿီဝါ ဝယဓမ္မာနုပဿီဝါ
စိတ္တသ္မိံ ဝိဟရတိ။

## ဒီအသေ ကြည့်မပါ ပြောတာ

သမုဒယနဲ့ ဝယ၊ ဝယဆိုတာ အသေပေါ့...အဲဒီအသေ ကြည့်ပါပြောတာ၊ ခင်ဗျားတို့က ရှေ့ပိုင်းကလေးကသာ စာက ဖတ်ထားတယ်၊ နောက်ပိုင်း မဖတ်ဘဲဖြစ်နေတယ်။

နောက်ပိုင်း ဖတ်မိရဲ့လား၊ ကဲ...(မဖတ်မိပါဘုရား) လွဲ နေတယ်၊ ဒီခြွင်းချက် ကျန်နေတယ်ဆိုတဲ့ အဓိပ္ပာယ်ကော ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာဆိုတာ ဘာပါလိမ့်... (အသေကို အရှင်နဲ့ကြည့်တာပါဘုရား) ဒကာ ဒကာမတွေ ဒါ ထိပ် သံမှိုနဲ့စွဲသလိုမှတ်ပါ...။

အရှင် အရှင်ချင်း ကြည့်လို့ ဖြစ်,မဖြစ်...(မဖြစ်ပါဘုရား) ဘယ်နည်းနဲ့မှ မဖြစ်ဘူးဆိုတော့ ဝိပဿနာဖြစ်သေးရဲ့လား ... (မဖြစ်ပါဘုရား)။

## ပစ္စုပ္ပန် တည့်တည့်ရှုဆိုတာ

ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာဆိုတာ ဘာပါလိမ့်... (အသေကို အရှင်နဲ့ကြည့်တာပါဘုရား) အသေကို အရှင်နဲ့ကြည့် တာဆိုတော့ အင်း ...အခုသေတာ အခုကြည့်ခိုင်းတာ...။

ဒါကြောင့် ပစ္စုပ္ပန် တည့်တည့်ရှုဆိုတာ ဒါပြောနေတာ... (မှန်ပါ့) ရိပ်မိပလား ...(ရိပ်မိပါပြီ)။

အသေကို အရှင်နဲ့ရှုတော့ ပစ္စုပ္ပန်ကော မတည့်သေးဘူး လား ,...(တည့်ပါတယ်ဘုရား) ရှေးက သေတာလား၊ အခုသေ တာ ကြည့်ရတာလား ...(အခုသေတာ ကြည့်ရတာပါ ဘုရား)။

ဒါဖြင့် ယခုသေတာကတော့ ပစ္စုပ္ပန်ဆိုတော့ ဟောဒီပြ ထားတယ် ပစ္စုပ္ပန်...မပါသေးဘူးလား ...(ပါ,ပါတယ်ဘုရား) ပစ္စုပ္ပန်အသေကို ဟောဒီအရှင်နဲ့ကြည့်ပါလို့ ဆိုတော့ ပစ္စုပ္ပန်

ကော လွဲသေးရဲ့လား ...(မလွဲပါ)။

ဘာသစ္စာ ကြည့်တာတုံးမေးတော့ ...(ဒုက္ခသစ္စာကို ကြည့်တာပါ) ဒါ ခင်ဗျားတို့က ဒုက္ခသစ္စာဆိုတာ တခြားလား အောက်မေ့တယ်၊ ဒီအသေ ဟောနေတာ...။

## နောင်ခန္ဓာမလာတာက နိဗ္ဗာန်

ကိုယ့်စိတ်ကလေး သေတာကို ဟောနေတယ်လို့ ဆုံးဖြတ်ချက်ချပါ...(မှန်ပါ့) ပေါ်ကြပလား ..(ပေါ်ပါပြီ) ဒါဖြင့် အသေက ဒုက္ခသစ္စာ၊ သိတာက ...(မဂ္ဂသစ္စာပါဘုရား) သေတာက, အဖော် မလုပ်တာက သမုဒယသစ္စာ...(မှန်ပါ့ဘုရား) နောက်ခန္ဓာမလာ တာက နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာ...(မှန်ပါ့) မရှင်းကြသေးဘူး လား ...(ရှင်းပါပြီဘုရား)။

တော်တော်ရှင်းပါပြီဆိုတဲ့ဥစ္စာ သခင်ဝတင်တို့ ကျေနပ်ပလား ...(ကျေနပ်ပါတယ်) မောင်ဘအေး ကျေနပ်ပလား ... (ကျေနပ်ပါတယ်) ဝိပဿနာဆိုတာ ဘာပါလိမ့်၊ မေ့မှာစိုးလို့ ထပ်မေးတယ်...(အသေကို အရှင်နဲ့ ကြည့်တာပါဘုရား)။

အရှင်, အရှင်ချင်းကြည့်လို့ ဖြစ်, မဖြစ် ...(မဖြစ်ပါဘုရား) ဖြစ်ကို မဖြစ်ဘူးဆိုတာ ထံသချာပလား ...(သေချာပါပြီ) ကောင်းပြီ

ဒါဖြင့် ဟုတ်ပါရဲ့လားလို့ မေးတဲ့အခါကျတော့ကိုတဲ့၊ ဒကာ ဒကာမတို့ တစ်နေ့ကလည်း ဟောခဲ့တယ်၊ သို့သော်လည်း လူက မစုံတော့ကို ခင်ဗျားတို့ မှတ်လိုက်စမ်းပါတဲ့။

ဧဟိပဿိကောကို နောက်လူတွေ မကြားရလို့ ထပ်ပြော ပါတယ်၊ ဧဟိက လာပါ၊ ပဿက ရှုပါ၊ ဧဟိပဿိကော...ဧဟိ က ဘာတုံး ...(လာပါ) ပဿက...(ရှုပါ) ကျုပ် ဒီနေရာသေနေ တယ်၊ ခင်ဗျား ဒီနေရာကနေ ရှုပေးပါ၊ သဘောကျပလား ... (မှန်ပါ့) ကျုပ်က ဒီနေရာ, စိတ်ကပေါ်တဲ့နေရာ မနေဘူးလား ... (နေပါတယ်ဘုရား)။

## လာခဲ့ ကျုပ်ကို့ရှုပါ

အဲဒါကို ပဿက ရှုပါဆိုတာ ဒီနေရာကနေ ရှုပါ... (မှန်ပါ့) ဒီနေရာက **ဧဟိ**– လာခဲ့။ **ပဿ**– ကျုပ်ကိုရှုပါ။ ဘာနဲ့ ရှုမှာတုံးဆိုတော့ အရှင်နဲ့ ရှုပေးပါ၊ သဘောကျပလား ...(ကျပါပြီ ဘုရား) ဒါဖြင့် ဧဟိပဿိကော သဘောကျပလား ...(ကျပါပြီ ဘုရား) ဘာတဲ့တုံး ...(လာလှည့်ရှုပါ) လာပါရှုပါ...လာလှည့်ဆို ရင် ရှေးသံပါနေတယ် မောင်ကိုရ...(မှန်လှပါဘုရား)။

လာလှည့်ဆိုရင် မရဘူး၊ လာခဲ့...ရှုပါ...သဘောကျကြ ပလား ...(ကျပါပြီဘုရား) ခင်ဗျားတို့ ခန္ဓာကိုယ်ရော မခေါ်ဘူး

လား ခေါ်သလား ...(ခေါ်ပါတယ်ဘုရား)။

ဘာဖြစ်လို့ မသွားသတုံး၊ နိဗ္ဗာန်ရောက်မှာစိုးလို့ မသွားတာ...ရိပ်မိပလား ...(ရိပ်မိပါပြီ) ဒကာ ဒကာမတွေ မခေါ်တဲ့ အချိန်များရှိရဲ့လား ...(မရှိပါဘုရား) အချိန်တိုင်း မခေါ်ဘူးလား ...(ခေါ်ပါတယ်ဘုရား)။

ဘာဖြစ်လို့ မသွားတာတုံး မေးတဲ့အခါကျတော့ တပည့်တော် နိဗ္ဗာန်ရောက်မှာစိုးလို့ ခင်ဗျားတို့က နိဗ္ဗာန်ကို မရောက်ချင်ဘူး ...။

## ဖြစ်ပြီး ပျက်နေတဲ့ မြင်စိတ်

ဧဟိ–လာခဲ့ပါ၊ ပဿ–ရှုပါဆိုတာ မြင်စိတ်ကလေးကလည်း ဖြစ်ပြီး ပျက်ပျက်နေတာကို ခင်ဗျား ဉာဏ်နဲ့လာခဲ့ပါလို့ မပြောဘူးလား ...(ပြောပါတယ်ဘုရား)ခင်ဗျားတို့က သွားရဲ့လား ...(မသွားပါဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ ခင်ဗျားတို့က မသွားချင်တာက ဒီဘက်လှည့်ချင်လို့ မသွားချင်တာ၊ တဏှာ, ဥပါဒါန်, ကံ, ဇာတိ, ဇရာ, မရဏဘက် လှည့်ချင်လို့ မသွားချင်တာ...။

ဒကာ ဒကာမတို့ အိုခြင်းဆိုး ဆိုတာ သဘောကျပလား ...(ကျပါပြီဘုရား) ခေါ်တဲ့ဆီ မသွားရင် အိုခြင်းဆိုးချည်းမှတ်... သဘောပါကြလား ...(ပါ,ပါတယ်ဘုရား) ခေါ်တဲ့ဆီ မသွားရင် ...(အိုခြင်းဆိုးပါဘုရား) အိုခြင်းဆိုး ...တဲ့၊ နောက် သေခြင်းဆိုး လမ်းကို မျက်နှာမူနေတယ်လို့ ဆုံးဖြတ်ချက်ချပါ...(မှန်ပါ့)။

အင်မတန် မဆိုးဝါးဘူးလား ...(ဆိုးပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့က မသွားတာ လုံးလုံးဆိုရင်လည်း ဘုန်းကြီးက ကျေနပ်ပါတယ်။

## ယားတဲ့စိတ်ကလေး

သွားတော့သွားတယ်၊ တဏှာနဲ့သွားတယ်၊ ကျောမှာ ယားနေတယ်ဆိုတော့ ယားတဲ့စိတ်ကလေးက ဒုက္ခသစ္စာ၊ အဲဒါကျတော့ မှော်ကြီးထဲများတောင် လက်နဲ့ထိုးပြီးသွားတယ်၊ မသွားဘူးလား ...(သွားပါတယ်ဘုရား)။

ဒါကတော့ ဘာဖြစ်လို့တုံးဆိုတော့ ပျောက်ခြင်းအလိုရှိလို့ ဆိုတော့ တဏှာနဲ့သွားတာ...ဉာဏ်နဲ့တော့ သွားရဲ့လား ... (မသွားပါ) ဘာနဲ့တော့ သွားသတုံး ...(တဏှာနဲ့သွားပါတယ်)။

ဩော်...အသွားက သိပ်လွဲနေပြီ၊ အင်း ...ဧဟိပဿိကော ခေါ်ရာ ယားတဲ့ဆီက မခေါ်ဘူးလား ...(ခေါ်ပါတယ်ဘုရား)

ဘာနဲ့ သွားသတုံး ...(တဏှာနဲ့ သွားပါတယ်ဘုရား)။

ဉာဏ်နဲ့သွားလိုက်ပါလားဗျ၊ ဒါ သူကခေါ်နေတယ်၊ သူဟာ ဘာဖြစ်သတုံး၊ ခေါ်တဲ့တရား ဘာပါလိမ့်မတုံးဆိုတော့ သိအောင် ဉာဏ်နဲ့သွားလိုက်လို့ရှိရင်ဖြင့် သူက ခေါ်တာက ဧဟိ ပဿိကော၊ သဘောကျပလား ...(မှန်ပါ့) ကိုယ်က ဒကာ ဒကာမတွေ ဉာဏ်နဲ့သွားလိုက်တော့ကိုတဲ့ ကိုယ့်အသေ ကိုယ် မြင်ပါတယ်၊ ဉာဏ်နဲ့သွားတော့ ...(ကိုယ့်အသေ ကိုယ်မြင်ပါ တယ်)။

## ဉာဏ်နဲ့သွားလိုက်ပါ

ယားတဲ့နေရာကလေးက ဝေဒနာမဟုတ်လား ...(မှန်ပါ့) ဒုက္ခစိတ် မဟုတ်လား ...(မှန်ပါ့) အဲဒီ ဒုက္ခစိတ်ကလေးဆီကို ဉာဏ်နဲ့သွားလိုက်တဲ့အခါကျတော့ ဩော်...ဘယ်သူသေတာ မြင်ရပါလိမ့်...(ကိုယ်သေတာ မြင်ရပါတယ်ဘုရား)။

အဲဒီလို ဉာဏ်နဲ့သွားလိုက်လို့ရှိရင်ဖြင့် အသေက ဒုက္ခ သစ္စာ၊ သွားတဲ့အသိက မဂ္ဂသစ္စာ...လက်နဲ့သွားတာကတော့ အယားပြေချင်လို့ တဏှာနဲ့သွားတာ...။

ဒါဖြင့် ခင်ဗျားတို့ လုံးလုံးမသွားတာလား၊ သွားပြန်တော့ အလွဲသွားတာလား ...(အလွဲသွားတာပါဘုရား)။

ဩော်…ဒါဖြင့် ဒီဆရာသမားက ပြင်မပေးလို့ရှိရင် အလွဲသွားနဲ့ပဲ အချိန်ကုန်မှာပဲ…သဘောပါပလား …(ပါ,ပါပြီ)။

ဒါဖြင့် တရားက မခေါ်လို့လား၊ အသွားက မတတ်လို့လား …(အသွားမတတ်လို့ပါဘုရား) ဒါဖြင့် လေးဖက်သွားသင်ရလိမ့်မယ် ခင်ဗျားတို့ကို…ရိပ်မိပလား …(ရိပ်မိပါပြီ) အခါလည်သမီးတွေ, အခါလည်သားတွေ ဖြစ်နေတာ လေးဖက်သွားသင်ရဦးမလိုဖြစ်နေတယ်…ဘယ်လောက်ဆိုးဝါးနေသတုံး၊ မပေါ်ဘူးလား …(ပေါ်ပါတယ်ဘုရား)။

ကဲ…ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ ရပြီးသားဆိုရင် ခင်ဗျားတို့ မှတ်မိပြီနော်၊ ဒီတရားက ဖြစ်ပြီးပျက်တဲ့တရားက ဇဟိပဿိကော၊ လာပါရှုပါလို့ခေါ်တာ…သဘောကျပလား … (ကျပါပြီ)။

ဇဟိပဿိကော…ဆိုတာ ဘာပါလိမ့်…(လာပါ,ရှုပါ) လာပါ, ရှုပါဆိုတာ ဘယ်သူက ခေါ်တာတုံး …(တရားကခေါ်တာပါ) တရားက …သဘောကျပလား …(ကျပါပြီ) ဘယ်သူက ခေါ်သတုံး …(တရားကပါဘုရား)။

တရားက ခေါ်လို့ရှိရင် ခင်ဗျားတို့က တဏှာနဲ့ လိုက်မလား၊ ဉာဏ်နဲ့လိုက်မလား …(ဉာဏ်နဲ့လိုက်ပါမယ်)။

## ကိုယ်တိုင်မြင်အောင် လိုက်လိုက်စမ်းပါ

အဲ...ဉာဏ်နဲ့လိုက်ပါလို့ ဘုရားက သန္နိဋ္ဌိကောလို့ ဟောပြန်တယ်...ဘာလို့ ဟောသတုံး ...(သန္ဒိဋ္ဌိကောပါ) သန္ဒိဋ္ဌိကော သာမံပဿိတဗ္ဗော၊ သာမံ၊ ကိုယ်တိုင်။ ပဿိတဗ္ဗော၊ မြင်အောင် လိုက်–လိုက်စမ်းပါ၊ မဟောဘူးလား ...(ဟောပါတယ်ဘုရား)။

ကိုယ်တိုင်မြင်အောင်လိုက်ပါ၊ ခေါ်ရာကိုသွားပါ၊ မြင်အောင်ဟာ ဘာတဲ့တုံး ...(လိုက်ပါ) လိုက်ပါ၊ သွားပါ အသေရှိတဲ့ဆီကို...သဘောကျပလား ...(ကျပါပြီ)။

ဒါဖြင့် ခင်ဗျားတို့က သန္ဒိဋ္ဌိကောဆိုတဲ့ဉစ္စာသည် သာမညမှတ်နေတယ်၊ သခင်ဝတင်တို့က ဘုရားရှိခိုးလုပ်တုံး ... ဘယ်လိုသုံးကြပါလိမ့်...(ဘုရားရှိခိုး သုံးပါတယ်)။

ဘုရားရှိခိုးရမှာလား၊ သူ့ပါဠိ သေသေချာချာကြည့်၊ အသေက ခေါ်တဲ့ဆီကို ကိုယ်တိုင်မြင်အောင် လိုက်ရမှာလား ...(အသေက ခေါ်တဲ့ဆီကို ကိုယ်တိုင်မြင်အောင် လိုက်ရမှာပါ ဘုရား)။

## သောက်ဆေးကို လိမ်းဆေးလုပ်နေကြတယ်

အဲ...ခင်ဗျားတို့က ဒါ ဘုရားရှိခိုးလုပ်ထားတော့ နိဗ္ဗာန် မရောက်ဟော့ဘူး ...(မှန်ပါ) ဘုရားရှိခိုးလုပ်ထားတဲ့အတွက်... (နိဗ္ဗာန်မရောက်တော့တာပါ)။

ဓမ္မာနုဿတိကိုးဗျ...ဓမ္မာနုဿတိဆိုတော့ သမထဖြစ် မသွားဘူးလား ...(ဖြစ်ပါတယ်) သမထ, နိဗ္ဗာန်ရောက်ရဲ့လား ...(မရောက်ပါ)။

အဲဒီတော့ ခင်ဗျားတို့ဟာက ဘုန်းကြီးအခုပြောနေကျ အတိုင်း ပြောရလို့ရှိရင် သောက်ဆေးကို လိမ်းဆေးလုပ်နေကြ တယ်...။

ဘယ့်နှယ်ပါလိမ့်...(သောက်ဆေးကို လိမ်းဆေးလုပ်နေ ကြပါတယ်) ဘုရားဟောခဲ့တာက သောက်ဆေး ....ခင်ဗျားတို့က ရှိခိုးတဲ့ လိမ်းဆေးလုပ်နေတယ်...ပျောက်ပါ့မလား ရောဂါ... (မပျောက်ပါဘုရား) ကိလေသာရောဂါ ပျောက်ပါ့မလား ... (မပျောက်ပါဘုရား)။

အို့,နာ,သေ ပျောက်ပါ့မလား ...(မပျောက်ပါ) အဲဒါ ဘာဖြစ်လို့တုံးဆိုတော့ ဆေးတော့တွေ့ပါရဲ့ဗျာ၊ အသုံးက မသုံး တတ်လို့ ...ရိုပ်မိပလား ...(ရိပ်မိပါပြီ) အသုံးက ဘယ့်နှယ်ဖြစ်နေ

သလဲ ...(မသုံးတတ်လို့ပါဘုရား) သောက်ဆေးကို ဘာလုပ်နေသတုံး ...(လိမ်းဆေးလုပ်နေပါတယ်ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ကန်းတယ်ဆိုတာများ မနာပါနဲ့ ဆိုတာ ပြောသင့် မပြောသင့် ...(ပြောသင့်ပါတယ်ဘုရား)။

ဆေးတွေ့နေတာတောင်မှ ဘာဆေးရယ်လို့မသိဘူး ... လိမ်းဆေးဆိုတာ ရောဂါရှင်းတာ ဟုတ်ရဲ့လား ...(မဟုတ်ပါဘုရား) ငြိမ်ရုံပဲရတယ်၊ သောက်ဆေးဆိုရင် ဘာတုံး ...(ရောဂါရှင်းပါတယ်) ရောဂါပျောက်တယ်, ပျောက်တဲ့ဆေးကို ခင်ဗျားတို့က ငြိမ်တဲ့ဆေးလောက် သုံးနေတော့ အတော်ခက်သွားတယ် ...။

## ဘယ်တော့မှ နိဗ္ဗာန်မရောက်

ငြိမ်ရုံလောက် သုံးနေကြလို့ရှိရင်ဖြင့် ခင်ဗျားတို့ ဘယ်တော့မှ နိဗ္ဗာန်မရောက်ဘူး၊ ရှင်းပလား ...(ရှင်းပါပြီ) ကောင်းပြီ ဒကာ ဒကာမတို့၊ ခေါ်တာက ဘာတဲ့...(ဇေဟိပဿိကော) ဇေဟိပဿိကော၊ လိုက်ရမှာက...(သန္ဒိဋ္ဌိကော)-ကိုယ်တိုင်မြင်အောင် လိုက်ပါ...ဇေဟိပဿိကောက ခေါ်ရာကို သန္ဒိကောက ... (မြင်အောင်လိုက်ရမယ်) သန္ဒိဋ္ဌိကောက လိုက်ပေး၊ အဲဒါ ဝိပဿနာ ဆေး ...။

ဦးမြ...ဇေဟိပဿိကော ခေါ်ရာကို...(သန္ဒိဋ္ဌိကောနဲ့ လိုက်ပေး) သန္ဒိဋ္ဌိကောနဲ့ လိုက်လို့ရှိရင် အဲဒါ ဝိပဿနာဆေး ...

(မှန်ပါ) ရှုနေတဲ့။ ခင်ဗျားတို့ ရ,ထားတာက ဒီလောက်မပေါ်ဘူး၊ ပေါ်ကြရဲ့လား ...(မပေါ်ပါ)။

ဒါဖြင့်...ဧဟိပဿိကော ဆိုတာက ဘာပါလိမ့်၊ ... ခေါ်တာ သဘောကျပလား ...(ကျပါတယ်) ရှုပါလို့ခေါ်တာ၊ သန္ဒိဋ္ဌိကောက ဘာလုပ်ရမှာတုံး ...(ဝိပဿနာဆေး) သူခေါ်တဲ့ဆီ လိုက်ရမယ်။

လိုက်တဲ့အခါကျတော့ ဧဟိပဿိကောက ခေါ်သည်၊ သန္ဒိဋ္ဌိကောက လိုက်သည်...ဆိုတော့ အသေကို အရှင်နဲ့သွား တွေ့တယ်...အသေကို...(အရှင်နဲ့သွားတွေ့တယ်) ဧဟိပဿိကော က အသေကိုး ...သန္ဒိဋ္ဌိကော လိုက်တဲ့အခါကျတော့ သူကသေနှင့် နေလို့ ဒကာ ဒကာမတို့ အထည်တွေ့သေးရဲ့လား ...(မတွေ့ပါ) မတွေ့တော့ ကိုယ့်ခန္ဓာ အနိစ္စပါလားဆိုတာ သူများပြောလား ကိုယ်လိုက်လို့ တွေ့တာလား ...(ကိုယ်လိုက်လို့ တွေ့တာပါ ဘုရား)။

**ဝိပဿနာအစစ်**

ဒါဖြင့်...ဒကာ ဒကာမတို့၊ ဧဟိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့...(လိုက်ရမယ်) လိုက်လို့ရှိရင် ဒါ ဝိပဿနာအစစ်၊ ပေါ်ကြပလား ...(ပေါ်ပါပြီ)။

ဝိပဿနာစာအုပ်ကြီး ရှည်နေအောင် ရေးထားပေမယ့် လိုရင်းက ဒါပဲရှိတယ်...ဒကာ ဒကာမတို့ ဝိပဿနာစာအုပ်ကြီး ဟာ ရှည်လိုက်တာဘုရား၊ ဆရာတော်က ညဏ်ကျယ်လိုက်တာ။

ခင်ဗျားတို့ ညဏ်ကျယ်ရာ လိုက်နေရင် ငါးပါးမှောက် မယ်...ဧဟိပဿိကော ခေါ်ရာကို...(သန္ဒိဋ္ဌိကောနဲ့လိုက်) သန္ဒိဋ္ဌိကော နဲ့ လိုက်လို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ...တဲ့၊ ဆက်ရွတ်ပါ။

အကာလိကော၊ အကာလိကောဆိုတာက အခုချက်ချင်း အကျိုးပေးမယ်ကွ၊ အကာလိကော...ဆိုတာ ဘာပါလိမ့်...(အခု ချက်ချင်း အကျိုးပေးမယ်) ကဲ...ပေး,မပေး ကျုပ်တို့ ပဋ္ဌိစ္စသမုပ္ပာဒ် ကို ထောက်ပြမယ်၊ ကြည့်ကြ။

## အခါမလင့် အကျိုးပေးတယ်

ဧဟိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောဆိုတဲ့ သာမံပဿိ တဗ္ဗော ဆိုတော့ ကိုယ်တိုင်မြင်အောင် ကြည့်လိုက်တဲ့အခါကျ တော့ ဒီ...တဏှာ, ဥပါဒါန်, ကံလာသေးရဲ့လား ...(မလာပါ ဘုရား) မလာတာသည် အခါမလင့် တဏှာဥပါဒါန် သေသွား သောကြောင့်တဲ့ အကာလိကောဖြစ်ပါတယ်...အခါမလင့် အကျိုး ပေးပစ်လိုက်တယ်၊ ပေါ်ကြပလား ...(ပေါ်ပါပြီ)။

အခါများ လင့်သေးသလား ...(မလင့်ပါ) ခေါ်ရာကိုလိုက်, လိုက်တာနဲ့ ဒီတရားတွေ လာသေးရဲ့လား ...(မလာပါ) ရန်သူတွေ အကုန်မသေဘူးလား ...(သေပါတယ်ဘုရား)။

ဒါဖြင့်...ခင်ဗျားတို့ ဩော်...တို့ ဘုရားရှိခိုးနေတာ ဒါပဲ... ဒီ...ဒကာ ဒကာမတွေ ဘုရားရှိခိုးနေတာ ဒါပဲမဟုတ်လား ...ဟ... ဘာဖြစ်လို့ ရှိခိုးနေကြပါလိမ့်မတုံး၊ ဘုရားက အလုပ်ဟောတာလား၊ ရှိခိုးဖို့ဟောတာလား ...(အလုပ်ဟောတာပါ) ခင်ဗျားတို့က ဘာလုပ်နေသလဲ..(ရှိခိုးနေပါတယ်ဘုရား) သွားပြီ...သွားပြီ... သွားပြီ။

တို့ကွာ...ခု...ဒီဘုန်းကြီးနဲ့တွေ့လို့သာ၊ မတွေ့ရင် ငါးပါးမှောက်တယ်ဟေ့...ဆိုတာ သေချာပြီ...မသေချာဘူးလား ... (သေချာပါတယ်ဘုရား) ဘာပြုလို့တုံး၊ သောက်ဆေး လိမ်းဆေး လုပ်နေလို့ ပျောက်ပါ့မလား ရောဂါ...(မပျောက်ပါဘုရား)။

အဲဒီမှာ ခင်ဗျားကို သိပ်လွဲနေလို့ ဆရာဘုန်းကြီးက ပြင်ပြီးပြီ၊ ဒကာ ဒကာမတွေ...(မှန်ပါ့) ရိပ်မိကြပလား ...(ရိပ်မိပါပြီ)။

ဒါဖြင့် ဧဟိပဿိကော ခေါ်ရာကို ဘာနဲ့လိုက်ရမယ်... (သန္ဒိဋ္ဌိကောနဲ့လိုက်) သန္ဒိဋ္ဌိကောဆိုတာ ကိုယ်တိုင်မြင်အောင် လိုက်တာ...လိုက်–လိုက်တဲ့အခါကျလို့ရှိရင် နောက်ပါဋ္ဌိတော်က

ဘာတဲ့...(အကာလိကောပါဘုရား)။

ဒီတဏှာ, ဥပါဒါန်, ကံတွေ လာသေးသလား၊ ဒီမဂ်က ဖြတ်လိုက်ပြီ...(မလာပါဘုရား) မဂ်က ဖြတ်လိုက်တဲ့အခါကျ တော့ တဏှာ, ဥပါဒါန်, ကံ လာသေးရဲ့လား ...(မလာပါ ဘုရား)။

ဒါ ဘာဖြစ်လို့တုံး မေးတဲ့အခါကျတော့ ဒကာ ဒကာမတို့ ဖြေတတ်ပလား၊ ဧဟိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက် လို့ အကာလိကော ဖြစ်တာပါဘုရား၊ ပေါ်ကြပလား ...(ပေါ်ပါ ပြီ)။

ဧဟိပဿိကော ခေါ်ရာကို...(သန္ဒိဋ္ဌိကောနဲ့လိုက်လို့) ဒါဖြင့် ဒီတရားတွေ လာသေးသလား ...(မလာပါဘုရား)။

မလာတာ ဘာဆိုရမလဲ...(အကာလိကော) အခါမလင့် အကျိုးပေးတယ်၊ ရန်သူတွေ အကုန်သေတယ်၊ မသေဘူးလား ...(သေပါတယ်ဘုရား)။

## ဘုရားသွားပြီး သတိပေးသလို

ဒါဖြင့် သခင်ဝတင်ကြီးရေ...ရန်ကုန် ဘုရားသွားပြီး သကာလ ရွှေတိဂုံဘုရားသွားပြီး အရှင်ဘုရား ဧဟိပဿိကော ဘုရားနော်...ဘုရားသွားပြီး သတိပေးသလိုဖြစ်နေတယ်၊ ဟိုက

ရှုနေတာ ရိပ်မိပလား ...(ရိပ်မိပါပြီ)။

သန္တိဋ္ဌိကော ဘုရား၊ ကိုယ်တော်လည်း မြင်အောင်ကြည့်ပါဘုရားလို့ သွားလျှောက်တာနဲ့ကော...(တူနေသလိုပါပဲဘုရား)။

ခက်ကောင်းခက်ရချည်ရဲ့ ...အတော်ဆိုးနေတာဗျ၊ ဒါမှသန္တိဋ္ဌိကော ကိုယ်တော်ဖြစ်မယ်ဘုရားဆိုတော့ သွားရော၊ ခင်ဗျားတို့က ဘုရားဆရာဖြစ်နေတယ်၊ ရိပ်မိပလား ...(ရိပ်မိပါပြီ) အင်မတန် မဆိုးဘူးလား ...(ဆိုးပါတယ်)။

အဲဒါကြောင့် ခင်ဗျားတို့ ဘုရားရှေ့သွားပြီးသကာလဆရာသွားလုပ်နေတာလောက် အရုပ်ဆိုးတာတော့ ရှာမတွေ့ဘူးဗျ၊ အတော်ဆိုးနေတယ်။

## ဘုန်းကြီးပြောတာ မနာကြပါနဲ့

အဲဒီတော့ကို ဒကာ ဒကာမတို့ ဘုန်းကြီးပြောတာ မနာကြပါနဲ့၊ ခင်ဗျားတို့ သောက်ဆေးကို လိမ်းဆေးလုပ်နေတာသေချာတယ်...ဒကာဒကာမတွေ ဘယ့်နှယ်ဆိုမယ်... (သောက်ဆေးကို လိမ်းဆေးလုပ်နေတယ်) နောက်က ဒကာ ဒကာမတွေဘာလုပ်နေတယ်...(သောက်ဆေးကို လိမ်းဆေးလုပ်နေပါတယ်ဘုရား)။

ဩော်...ရောဂါမှပျောက်ပါ့မလား ...(မပျောက်ပါဘုရား) ဘယ်...အကာလိကော လာစရာမြင်သေးရဲ့လား ...(မမြင်ပါဘုရား)။

ဒါရောဂါတွေ၊ ကိလေသာရောဂါတွေ ပျောက်နိုင်ပါ့မလား ...(မပျောက်နိုင်ပါဘုရား)။

ဒါဖြင့် ...ယာနေ့ကစပြီးသကာလ ခင်ဗျားတို့ ဘုရားမရှိခိုးနဲ့လို့တော့ မဟောဘူး ...(မှန်ပါ့) ရှိခိုးတော့ ရှိခိုးကောင်းတယ်...။

သို့သော်လည်း အဲဒီရှိခိုးတဲ့ တရားတွေက တို့အလုပ်ခိုင်းတဲ့ တရားတွေပဲ ဆိုပြီးသကာလ ဧဟိပဿိကောလို့ ရွတ်မည့်ကြံရင်လည်း ခန္ဓာထဲမှာ တစ်ခုခုကြည့်လိုက်၊ စိတ်ပေါ် စိတ်ကြည့်၊ ဝေဒနာပေါ်ရင်...(ဝေဒနာကြည့်ပါ) ဝေဒနာခေါ်ရင် လိုက်ဟ...။

## ဉာဏ်နဲ့လိုက်တော့ ဖြစ်ပျက်မဂ်

ခေါ်ရင် သန္ဒိဋ္ဌိကောနဲ့လိုက၀်မယ်...ဉာဏ်နဲ့လိုက်၊လိုက်တော့ ဖြစ်ပျက်...ဉာဏ် မဂ် မရဘူးလား ...(ရပါတယ်)။

ဒါဖြင့် ...သူခေါ်ရာလိုက်တော့ ငါ ဘာကျေးဇူးရှိသတုံးမေးတော့ အကာလိကောကွ။

မဂ်က တဏှာဖြတ်လိုက်တော့ ဒီ ရန်သူတွေ လာသေးရဲ့လား ...(မလာပါ) ရန်သူမှ မလာလို့ရှိရင် သမုဒယသစ္စာ မသေ

ဘူးလား ...(သေပါတယ်ဘုရား) စာကြည့်ပါ၊ ဒါ ဘာသစ္စာတုံး ...(သမုဒယသစ္စာပါဘုရား)။

ဒါဖြင့် ဒီ သမုဒယသစ္စာ ပေါ်ပါဦးမလား ...(မပေါ်ပါဘုရား) ဒါဖြင့် ဒုက္ခငြိမ်းတာ ဘာခေါ်မတုံး ...(နိဗ္ဗာန်လို့ခေါ်ပါတယ်) သမုဒယသိမ်းတာ ဘာခေါ်မတုံး ...(နိဗ္ဗာန်ခေါ်ပါတယ်) နိဗ္ဗာန်ပဲဆိုတော့ ခေါ်ရာလိုက်ပေးရင် နိဗ္ဗာန်ရမယ်...(မှန်ပါ့) ဖော်ပြသိကော ခေါ်ရာကို ...(သန္တိဋ္ဌိကောနဲ့ လိုက်ပေးရပါမယ်) သန္တိဋ္ဌိကောနဲ့လိုက်ရင် နိဗ္ဗာန်ကား ဒကာ ဒကာမတို့ ဆုတောင်းတဲ့ အလုပ်လားတဲ့၊ ခေါ်ရာလိုက်ရတဲ့အလုပ်လား ...(ခေါ်ရာလိုက်ရတဲ့အလုပ်ပါဘုရား)။

## အလုပ်လုပ်ယူရမှာ တောင်းယူလို့မရဘူး

နို့ ...ခင်ဗျားတို့က ဝဋ္ဋဘဝတိုတိုနဲ့ နိဗ္ဗာန်မင်္ဂဖိုရ်ရပါလို၏၊ ခင်ဗျားတို့က တောင်းတယ်၊ လုပ်ယူရမှာကို တောင်းယူလိုက်တော့ မရဘူး၊ ရိပ်မိကြပလား ...(ရိပ်မိပါပြီဘုရား) လုပ်ယူရမှာကို...(တောင်းယူလို့မရပါ) ရပ့်မလား ...(မရပါဘုရား)။

သို့သော် ခင်ဗျားတို့က မျိုးရိုးကိုက ဆိုးဝါးတယ်ထင်ပါရဲ့၊ တယ်တောင်းတယ်၊ ရိပ်မိကြပလား ...(ရိပ်မိပါပြီ) တောင်းလို့ရတာဟုတ်ရဲ့လား ...(မဟုတ်ပါဘုရား) သဘောပါ ကြပလား ...(ပါ,ပါပြီ)။

နောက်တော့ ကိုယ့်မျိုးရိုး ဖျက်ကြနော်၊ သွားတောင်း မနေနဲ့ ...(မှန်ပါ့)။

ဦးမြကြီးကော တောင်းဖူးသေးလား ...(တောင်းဖူးပါတယ်) ဟော...သွားပြီ,သွားပြီ...(မှန်ပါ့) အင်မတန်ဆိုးနေတာ၊ ကိုင်း ...ဒကာ ဒကာမတို့ ပေါ်ကြပလား ...(ပေါ်ပါပြီ)။

ကိုင်း ...ခေါ်ရာကို လိုက်ရမယ်၊ ခေါ်ရာကိုလိုက်ရင် အခါမလင့် အကျိုးပေးတယ်...ခေါ်ရာကိုဆိုတာ ဘာပါလိမ့်...(ဧဟိပဿိကောပါ) လိုက်ရမှာက...(သန္ဒိဋ္ဌိကောပါ) အခါမလင့် အကျိုးပေးတာက ...(အကာလိကောပါ)။

## ဆေးသုံးမှားလို့ ပြင်ပေးနေတာ

ဒါဖြင့် ခင်ဗျားတို့ ဘုန်းကြီးက မန္တလေးကလာပြီးသကာလ ငြော်...တရားတွေ သယ်လာပြီး တို့ ဖောက်သည်ချနေတာ ဆိုမလား၊ တို့ ဆေးသုံးမှားလို့ ပြင်ပေးနေတာလို့ ဆိုမလား ...(ဆေးသုံးမှားလို့ပြင်ပေးနေတာပါဘုရား)။

ဘုန်းကြီးက ဖောက်သည်ချနေတာ မဟုတ်ပါဘူး၊ ခင်ဗျားတို့ကို ...မန္တလေးက ဘုန်းကြီးမို့ ထူးထူးခြားခြားပြောတာလို့ ဟုတ်ရဲ့လား ...(မဟုတ်ပါ) ကိုယ်ရပြီးသားဆေးကို အသုံးမှားနေလို့ ပြင်ပေးတာ...။

## ဒီဆေးတော့ မလိမ်းပါနဲ့ သောက်ပါ

ဒါ...တရားဟောဆရာလို့ ခင်ဗျားတို့က ထင်နေတယ် တရားဟောဆရာမဟုတ်ဘူး၊ ဆေးကို ပြင်ပေးနေတာ၊ ဒီဆေးတော့ မလိမ်းပါနဲ့၊ သောက်ပါ...။

ဒါ...လာပြင်ပေးတာ ရိပ်မိပလား ...(ရိပ်မိပါပြီ) ဘယ့်နှယ်ကြောင့် ဒီတစ်မြို့လုံး ပြင်နေရပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ သဘောတူ လိမ်းဆေးလုပ်နေလို့ ...ရိပ်မိပလား ...(ရိပ်မိပါပြီ) သဘောတူ ဘာလုပ်နေကြတုံး ...(လိမ်းဆေးလုပ်နေပါတယ်ဘုရား)။

ဒါဖြင့် သဘောတူပဲ ပြင်လိုက်ပါတော့၊ ဒီတရားတစ်ပွဲလုံး သောက်ဆေးချည်းလုပ်ပါ...ရိပ်မိပလား ...(ရိပ်မိပါပြီ) ဘာလုပ်ကြမယ်...(သောက်ဆေးလုပ်ပါ့မယ်ဘုရား)။

## သောက်ရင် နိဗ္ဗာန်ရောက်မယ်

သောက်ဆေးချည်း လုပ်ပါဆိုလို့ရှိရင်ဖြင့် သောက်သည်နှင့် တစ်ပြိုင်နက်တည်း ကိလေသာရောဂါ အကာလိကောဆို အကုန်ပျောက်ပါတယ်...သောက်ရင် ဘာတုံး ...(အကာလိကောဆို အကုန်ပျောက်ပါတယ်)။

လိမ်းရင် ဖြဟ္မာ့ပြည်ရောက်မယ်…သောက်ရင် နိဗ္ဗာန်ရောက်မယ်…လိမ်းရင်…(ဗြဟ္မာ့ပြည်ရောက်မယ်) သမထကိုး …(မှန်ပါ့)။

ဘုရားရှိခိုးတာက သမထ…လိမ်းရင် ဘယ်ရောက်မယ်…(ဗြဟ္မာ့ပြည်ရောက်မယ်) သောက်လို့ရှိရင် …(နိဗ္ဗာန်ရောက်မယ်) ဘယ်ဟာကြိုက်သတုံး …(နိဗ္ဗာန်ကြိုက်ပါတယ်)။

အိုး …ကြိုက်တော့ ကြိုက်တယ်၊ ဆေးကလွဲနေတယ်…(မှန်ပါ့) ဒကာ ဒကာမတွေ ဟောထိုက်၊ မဟောထိုက် …(ဟောထိုက်ပါတယ်ဘုရား)။

ကောင်းတော့ ကောင်းပါတယ်၊ ခင်ဗျားတို့ သုံးနေတာက ဆေးထက်သလောက် ခရီးမပေါက်ဘူး …သောက်မှပျောက်မည့်ဆေးကို လိမ်းဆေးလုပ်နေတော့ အပေါ်ယံတင် ပျောက်သွားတယ်…။

ဒကာ ဒကာမတို့ အတွင်းကိလေသာ ရန်သူတွေပျောက်ပါရဲ့လား …(မပျောက်ပါဘုရား) အင်မတန် မဆိုးဝါးဘူးလား …(ဆိုးဝါးပါတယ်ဘုရား)။

ဒါဖြင့် ဒီနေ့တရားမှာ ကိုယ်တိုင်သိဆိုတာလည်း ဖော်ပြသသိကော ခေါ်ရာကို သန္နိဋ္ဌာန်ကောနဲ့လိုက်မှ ဒုက္ခသစ္စာကိုသိတယ်

...သဘောကျဖလား ...(ကျပါတယ်ဘုရား)။

ဒုက္ခသစ္စာသိတဲ့အချိန်မှာ သမုဒယသစ္စာ သေ,မသေ... (သေပါတယ်ဘုရား) သမုဒယသစ္စာ သေလို့ရှိရင် နိရောဓဒုက္ခ နိရောဓ လာ, မလာ...(လာပါတယ်) သဘောပါကြလား ...(ပါ, ပါတယ်)

**ကဲ... ယနေ့ ဒီတွင် နားဦးစို့၊ နာရီစေ့ပြီ။**

**သာဓု ... သာဓု ... သာဓု...။**